# The House of the Seven Gables


Nathaniel Hawthorne

# တက်တိုး


## ခုနစ်ဆောင်ပြိုင်အိမ်ကြီး



ပြန်လည်ရိုက်နှိပ်ခြင်း



**Nathaniel Hawthorne**



အမေရိကန်ပြည်သမိုင်းနှင့် အမေရိကန်ပြည်ထောင်စုသားတို့၏
အတွေးအခေါ်အပြုအမူကို စာဖတ်သူတို့ သုံးသပ်သိရှိနိုင်မည့်
ဂျာဝတ္ထုကြီးမှာ ခေတ်ကာလအလျောက် ဖြစ်ပေါ်လာသော
ဓလေ့ထုံးစံများကို လိုက်နာနေထိုင်လျက်ကပင်
မိမိတို့၏ အတွင်းတွင်ရှိ ဖြစ်ပေါ်လာသော စိတ်အာရုံတို့၏
ချုပ်ချယ်စေစားရာ လိုက်ပါရင်း စိတ်ဒုက္ခအမျိုးမျိုးကြုံရပုံကို
ဇာတ်ကောင်တစ်ဦးချင်း ဇာတ်အိမ်ခိုင်ခိုင်နှင့်
စိတ်ဝင်စားဖွယ် ရေးဖွဲ့ထားပြီး ယနေ့ထိ
ဂုဏ်ဝင်မြောက်ထင်ရှားဆဲ ဝတ္ထုကြီးဖြစ်ပေသည်။

TT0013

2,300.00 KS

mgyoe.com

ခုနစ်ဆောင်ပြိုင်အိမ်ကြီး။ တက်တိုး
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၆ ရှမဝစာအုပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com


စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ခုနစ်ဆောင်ပြိုင်အိမ်ကြီး

## တက်တိုး

မြန်မာပြန်




ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

နယူးအင်္ဂလန်ပြည်၏ တောက်ပပူပြင်းသော နွေရာသီအချိန်အခါနှင့် နှင်းဖွေးဖွေး လေသံအူလျက်ရှိသော အေး၍တောင့်နေသည့် ဆောင်းရာသီအချိန်အခါတို့သည် ထူးဆန်းတည်ကြည်၍ ဆွေးဗျာထုကြွယ်သော ဝတ္ထုဇာတ်လမ်းများ ပေါ်ပေါက်စေကြပေသည်။

ခရစ်နှစ် ၁၆၀၀ ကျော်က မက်ဆာချူးဆက်နယ်သို့ ရောက်လာသော၊ စနစ်ကြီးသော၊ ပြူရိတန်ခရစ်ယာန်ဂိုဏ်းဝင်တို့၏ ခြောက်သွေ့ပြင်းထန်လှသော စည်းစနစ်တို့၏ အဟုန်ကြောင့် ယခုထက်တိုင်ပင်လျှင် နယူးအင်္ဂလန်ပြည်နယ်သားတို့မှာ မိမိတို့၏ ဘိုး,ဘေးတို့ကဲ့သို့ ရင့်မာ ခက်တရော်ခြင်းမရှိတော့ဟု ဆိုရစေကာမူလည်း တည်ကြည်သောလက္ခဏာဖြင့် စိတ်အာရုံတို့ကို မျိုသိပ်ဖိနှိပ်ထားသော ပုဂ္ဂိုလ်များ ဖြစ်နေကြချေသေးသည်။

နသန်နီယယ်ဟောသွန်း ရေးသော 'ခုနစ်ဆောင်ပြိုင်အိမ်ကြီး' ဝတ္ထုမှာ အမေရိကန်ပြည်သည် ဗြိတိန်ပြည် အုပ်ချုပ်မှုအောက်မှ ထွက်မြောက်၍ လွတ်လပ်ရေး ကြေညာပြီး

mgyoe.com

mgyoe.com



နောက် အနှစ်ခုနှစ်ဆယ်ကျော်ခါမျှ ရေးသားပြုစုသော ဝတ္ထုကြီးတစ်ပုဒ်ဖြစ်ပေသည်။ ဤဝတ္ထုကြီး၌ ပါဝင်ကြသည့် ဇာတ်ကောင်တို့မှာ ခေတ်ကာလအလျောက်ဖြစ်ပေါ်လာသော ဓလေ့ထုံးစံတို့ကို လိုက်နာနေခိုက်၌ပင်လျှင် မိမိတို့၏အဇ္ဈတ္တသန္တာန်တွင် ဖြစ်ပေါ်လျက်ရှိသော စိတ်အာရုံတို့ကို ချုပ်ချယ်ဖိနှိပ်နေကြရသောကြောင့် စိတ်ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့နေကြသူများပင် ဖြစ်သည်။

ဥပမာ ပြုပြင်ရေးသမား အနုပညာဆရာလေး ဟောဂရေ့သည် တရားသူကြီး၏အလောင်းကို တုန်လှုပ်ခြင်းကင်းမဲ့သည့် စိတ်ဖြင့် ပုံတူရေးဆွဲခဲ့သည်။ သူ ယင်းသို့ရေးဆွဲနေခိုက်တွင်ပင် တရားသူကြီးကိုသတ်သည့် လူသတ်သမားအား တစ်မြို့လုံးက ဂရုပြု၍ ရှာဖွေနေကြသည်။ တစ်ဖန် ရှေးခေတ် ရှေးအခါက သူကောင်းဘဝနှင့် နေခဲ့ရသည်ကို မမေ့နိုင်ဘဲ ယခုလတ်တလော ဆင်းရဲမှုကို တွန်းလှန်နိုင်ရန် ခြောက်ပြားတန်ဆိုင်ကလေးကို ဖွင့်ရရှာသော ဟက်ဇီဘာပင်းချွန်း အမည်ရှိသော သူကောင်းနွယ် အဒေါ်ကြီးလည်း ရှိသေးသည်။ ထိုမှတစ်ဖန် ဟက်ဇီဘာ၏ မောင်ဖြစ်သူ ကလစ်ဖို့သည် အသက်အရွယ်ငယ်စဉ်ကတည်းက လောဘတိုက်တွန်းသော ဆွေမျိုးတစ်ဦး၏ ပယောဂကြောင့် ဒုက္ခကြီးကြုံတွေ့ခဲ့ရသဖြင့် ရူးကြောင်ကြောင် ဖြစ်နေခဲ့ရှာသည်။ တစ်ဖန်တုံလည်း တံမြက်လှည်းရသော ဘကြီးဗင်းနားသည် ကမ္ဘာကြီးတစ်ခုလုံးကို စိတ်ကူးနှင့်ချည်း ပြုပြင်၍နေရှာလေသည်။

ဖိဘီမှာမူ အပြစ်ကင်းစ ိကာ သန့်ရှင်းလတ်ဆတ်၍

mgyoe.com

mgyoe.com



ပျော်ရွှင်စွာ အလုပ်အကိုင်ကို မပျင်းမရိ ဝီရိယနှင့် လုပ်ကိုင်လေ့ရှိသည့် ချစ်စဖွယ် နယူးအင်္ဂလန် ပြည်နယ်သူကလေးတစ်ဦးပင် ဖြစ်ပေသည်။ သူ့ခမျာမှာ ပင်းချွန်းအနွယ်တို့တွေ့ကြုံလေ့ရှိသည့် ဒုက္ခပင်လယ်ဗွေ၌ နစ်မျောတော့မည်ကဲ့သို့ ဝဲစုပ်ခံရချိန်၌ သူ၏ သန့်ရှင်းစင်ကြယ်မှုကြောင့် ဒုက္ခများ ပြေပျောက်သွားရတော့သည်။ ပင်းချွန်း အဆက်အနွယ်များမှာကား နယူးအင်္ဂလန်ပြည်သူပြည်သား ပြူရီတန် ခရစ်ယာန်ဂိုဏ်းဝင်တို့၏ ကြေကွဲဖွယ် ဒုက္ခအပေါင်းကို ဖော်ပြသော ပြယုဂ်ဖြစ်ခဲ့၍ ပန်းချီဆရာကလေး ဟောဂရေ့မှာ ရှေးဟောင်းဓလေ့တို့ကို ပစ်ပယ်သည့် တော်လှန်ရေးသမားတို့ကို ပြယုဂ်ဆောင်ပါမူ၊ ဖီဘီသည် နယူးအင်္ဂလန်ပြည်နယ်သူပြည်နယ်သားတို့၏ စိတ်စေတနာဖြူစင်မှုကို သရုပ်ဖော်သည်ဟုပင် ဆိုရပေမည်။

ဝတ္ထုရေးဆရာကြီး ဟောသွန်းသည် သူ့ဝတ္ထုထဲတွင် ဇာတ်ကောင် တစ်ကောင်ကို ထည့်သွင်းလိုက်ပေသေး၏။ ယင်းသည်ကား အခြားမဟုတ်၊ ခုနစ်ဆောင်ပြိုင်အိမ်ကြီးပင်တည်း။ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ အသက်သုံးရာရှိပြီဖြစ်သော်လည်း ယခုထက်တိုင် ရှိနေသေးသည်။ ဆော်စတွန်မြို့ဟောင်းလေးနှင့် မိုင်အနည်းငယ်ကွာသော မြို့ကလေးတွင် အထင်အရှား ရှိပေသည်။ ထိုအိမ်ကြီးသည် တစ်နေ့လျှင်လူလေးငါးဆယ်ယောက်အား စုန်းကဝေအတတ် တတ်သည်ဟူသော စွပ်စွဲချက်ဖြင့် သာသနာ့ရန်သူဟု ကြေညာကာ ကြိုးစင်တင်သော ကြမ်းတမ်းလှသည့် ရှေးခေတ်၏ သရုပ်ကို ဖော်လျက်ရှိဟန်ဖြင့် ကြောက်ဖွယ်ကောင်းသော ဂ္ဂန္ထနှင့်

mgyoe.com

mgyoe.com


တည်နေလေသည်။ တစ္ဆေ သရဲ စသည့် နာနာဘာဝတို့ကို ယုံကြည်သည့်ခေတ်၏ ပြယုဂ်လည်း ဖြစ်ပေသည်။ ယခု ထက်တိုင်ပင် တစ္ဆေခြောက်တတ်သည်ဟု ဆိုလေ့ရှိသော အိမ်ကြီးမျိုးပင် ဖြစ်နေပေသည်။

ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီး အထင်အရှားတည်နေ သည်နှင့်အမျှ ဟောသွန်းရေးသော ဝတ္ထုကြီးသည်လည်း စာပေလောကတွင် အထင်အရှား တည်နေပေသည်။ နေရာ တကာတွင် အမြန်ကြိုက်သော ယခုခေတ် ခေတ်မြန်သမား တို့အဖို့ ကွက်စိပ်ချကာ လေရှည်ဆွဲ၍ ရေးထားသော ဟော သွန်း၏ ဝတ္ထုသွားမျိုးကို ဖတ်ရန် စိတ်ရှည်မည် မဟုတ်ချေ။ သို့ရာတွင် ဟောသွန်း ထွန်းကားခဲ့သော ခေတ်ငြိမ်၌ စာရေး ခြင်းအမှုမှာ မလွဲမရှောင်သာ၍ လုပ်ရသောကိစ္စမျိုး မဟုတ် သည့်အလျောက် စာရေးရာ၌လည်းကောင်း၊ ဖတ်ရာ၌လည်း ကောင်း၊ စည်းစိမ်နှင့်ရေး၊ စည်းစိမ်နှင့် ဖတ်ကြလေ့ရှိသည်။ ဤဝတ္ထုကြီးမှာ လွန်ခဲ့သည့် အနှ ်တစ်ရာကျော်က ရေးထား သော ဝတ္ထုကြီးဖြစ်လေရာ ယခုစာဖတ်သူတို့သည် မိမိတို့ သည်းမခံနိုင်မှုကို ပဓာနပြု၍ ဆင်ခြင်သုံးသပ်ခြင်း မပြုကြ ရာ။ ပြဆိုခဲ့သည့်အတိုင်း ရှေးခေတ်က စာဖတ်သူတို့မှာ ကတိုက်ကရိုက် ဖတ်သူများမဟုတ်။ စာဖတ်ခြင်းကို အေး အေးဆေးဆေး ကျကျနန ပယ်ပယ်နှယ်နှယ်ပြုသူများ ဖြစ် လေရကား ဟောသွန်းသည် ခေတ်အကြိုက်ကိုလိုက်၍ လေရှည်နှင့် ရေးထားခြင်း ဖြစ်ကြောင်း သတိမူကြရာသည်။

မည်သို့ပင် ဆိုရစေကာမူလည်း ဟောသွန်း၏ အရေး အသားတွင် ထိုခေတ်က မက်ဆာချူးဆက်နယ်၌ လူတို့

mgyoe.com

mgyoe.com



နေထိုင်ပုံ၊ ဝတ်စားပုံ၊ ဓလေ့ထုံးစံ၊ အတွေးအခေါ်တို့ကို ပြတ်သားစွာ ဖော်ပြထားသဖြင့် ဤဝတ္ထုကြီးကို ခေတ်ပြကြေးမုံ တစ်ခုဟုပင် ခေါ်ဆိုနိုင်ပေသည်။

ဤဝတ္ထုကြီးနှင့်ပတ်သက်၍ ဆိုစရာအချက်တစ်ရပ်ကား ရှိပေသည်။ ယင်းသည် လွန်ခဲ့သော အနှစ်တစ်ရာကျော်က ရေးသားထားသော ဝတ္ထုဟောင်းကြီးတစ်ပုဒ် ဖြစ်စေကာမူလည်း အရေးအသားမှအပ၊ အခြားအင်္ဂါလက္ခဏာတို့တွင် ယခုထက်ထိ ခေတ်မီပေသည်။ ဝတ္ထုအင်အားနှင့် ပြည့်စုံခြင်းပင် ဖြစ်သည်။ ဤဝတ္ထုကြီးကို ဘာသာအရပ်ရပ်သို့ ပြန်ဆိုပြီးဖြစ်ရာ ဘာသာခြားတို့အဖို့ ယင်းသည် အမေရိကန်တို့ အဖို့ကဲ့သို့ပင် ဖတ်မငြီးဖြစ်ခဲ့ပေသည်။ ဝတ္ထုကြီးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကဲ့သို့ပင် ခိုင်ခံ့လှပေသည်။ ခံ့ညားတင့်တယ်လှပေသည်။ ဖတ်သူတို့စိတ်ကို ယူကျုံးသိမ်းပိုက်နိုင်စွမ်းသည့် သတ္တိနှင့် ပြည့်စုံပေသည်။ အချို့အရပ်ဒေသများတွင် ဤဝတ္ထုကို ကျောင်းသားများသည် ပြဋ္ဌာန်းချက်ဖတ်စာအဖြစ် ဖတ်ရှုသင်ကြားကြရသည်၊ အချို့နေရာများ၌ စာအပျော်ဖတ်သူများပင်လျှင် ဤဝတ္ထုကို စွဲနေသဖြင့် အခိုက်အတန့်အားဖြင့် အခြားအရေးကြီး၍ လေးနက်ခက်ခဲလှသော ပညာရပ်များကိုပင် လေ့လာဆည်းပူးရန် မေ့သွားကြပေသေး၏။

ဤဝတ္ထုအခြေပြုသော နယူးအင်္ဂလန်ပြည်နယ်မှာ အမေရိကန်ပြည်ထောင်စု ပြည်နယ်အသီးသီးတို့နှင့် မတူ။ ထူးခြားစွာ ရှိပေသည်။ ဤဝတ္ထု၌ ဟောသွန်း ဖော်ပြခဲ့သည့် အတိုင်း စိတ်ပျက်စရာအခြေအနေ၌ တည်နေသည်ဟု မဆို

mgyoe.com

mgyoe.com


နိုင်သော်လည်း နယူးအင်္ဂလန်ပြည်နယ်သည် ယခုထက်တိုင် ပင် အခြားပြည်နယ်များကဲ့သို့ မဟုတ်ဘဲ ဣန္ဒြေရှိရှိ အေးချမ်း ငြိမ်သက်လျက် ရှိပေသည်။ လေးနက်စွာ စဉ်းစားဆင်ခြင် တတ်သည့် ပညာရှိများထွက်သော ဒေသဖြစ်သည်ဟု ဆိုကြ သည်။ လေးနက်သော စာပေဘာဝနှင့် အနီးကပ်ဆုံးစာပေမျိုး ထွက်သောဒေသဖြစ်သည်ဟုလည်း ဆိုကြပေသည်။ စင်စစ် သော်ကား ခုနစ်ဆောင်ပြိုင်အိမ်ကြီးမျိုးကို တည်ဆောက်လို သော စိတ်ဆန္ဒမျိုးသည် နယူးအင်္ဂလန်ပြည်နယ်၌သာ ပေါ် ပေါက်နိုင်ဖွယ် ရှိသည်နှင့်အမျှ 'ခုနစ်ဆောင်ပြိုင်အိမ်ကြီး' အမည်ရှိသော ဝတ္ထုမျိုးကိုလည်း နယူးအင်္ဂလန်ပြည်နယ်၌ သာ ရေးနိုင်ဖွယ်ရာအကြောင်း ရှိပေသည်။

ခံ့ညားတည်ကြည်၍ လေးနက်သောအသွင်ကို ဆောင်လျက်ရှိသော နယူးအင်္ဂလန်ပြည်နယ်၏ မြို့များ ဖြစ်သည့် ဘော်စတွန်နှင့် ဆာလမ်တို့သည် မည်သည့်နည်း နှင့်မျှ နယူးယောက်မြို့ကဲ့သို့ ပင်္ဂပြောင်လက်၍ အပေါ်ယံ ကြော သဘောမျိုး ရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့်လည်း နုနယ်လှသော စာပေအရေးအသားမျိုးမှာ နယူးယောက် ကဲ့သို့ မြို့ပျိုမြို့လွင်တို့မှ ထွက်လာသည့်အခါ၌ ရင့်မာ လေးနက်သော စာပေမျိုးကို မြို့အိုမြို့ဟောင်းဖြစ်သည့် ဘော် စတွန်နှင့် ဆာလမ်တို့မှ ထွက်လာပေသည်။ မြို့အို မြို့ဟောင်း ကြီးများ ဖြစ်သည့်အလျောက် အရွယ်ရင့်သူတို့ကဲ့သို့ပင် ရှေး ဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းကြည့်ရှုကာ ယခင်က ထင်ရှားခဲ့သော စာရေးဆရာကြီးများ၊ အမေရိကန် အရေး တော်ပုံ အစရှိသော မော်ကွန်းတင်အဖြစ်အပျက်များကို

mgyoe.com

mgyoe.com




သုံးသပ်ဝေဖန်နိုင်စွမ်း ရှိကြပေသည်။

ဤဝတ္ထုကိုဖတ်ရှုသော မြန်မာပရိသတ်သည် အမေရိကန်ပြည်သမိုင်းနှင့် အမေရိကန်ပြည်ထောင်စုသားတို့၏ အတွေးအခေါ် အပြုအမူ အယုံအကြည်တို့ကို သုံးသပ်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်ရပေသတည်း။

❒

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



## [ ၁ ] ပင်းချွန်းအနွယ်သမိုင်း

အမေရိကန်ပြည်နယ်၊ နယူးအင်္ဂလန်ပြည်နယ်ရှိ မြို့တစ်မြို့၏ လမ်းကြားတစ်ခု၏ အလယ်လောက်တွင် အဆောင်ခုနစ်ခုရှိသည့် သစ်သားအိမ်အိုကြီးတစ်လုံး ရှိလေသည်။ အဆောင်ကြီးခုနစ်ဆောင်မှာ အရပ်ရှစ်မျက်နှာသို့ အသီးသီး မျက်နှာမူလျက်ရှိလေရာ အားလုံးပင်လျှင် အလယ်ကောင်ရှိ မီးခိုးခေါင်းတိုင်ရင်း၌ ဆုံကြလေသည်။ ထိုအိမ်ကြီးကို 'ပင်းချွန်း' အိမ်ကြီးဟူ၍လည်းကောင်း၊ ထိုလမ်းကို 'ပင်းချွန်း' လမ်း ဟူ၍လည်းကောင်း ခေါ်ကြသည်။ အိမ်ကြီးရှေ့တွင် အကိုင်းအခက် ဝေဆာ၍ အရိပ်အာဝါသ ကောင်းလှသည့် ဝက်သစ်ချပင်ကြီးကိုလည်း 'ပင်းချွန်း' ဝက်သစ်ချပင်ကြီးဟု ခေါ်ကြသည်။

ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ အိုမင်းရင့်ရော်၍ မိုးလေဝသ၏ ဒဏ်ကို အနှစ်နှစ်ခံခဲ့ရရုံသာမက အိမ်တွင်း၌လည်း အိမ်သူအိမ်သားအဆက်ဆက်တို့၏ အထူးထူးအပြားပြားသော ဖြစ်ထွေတို့ကို တွေ့ကြုံ

mgyoe.com

mgyoe.com


ခဲ့ဖူးလေပြီ။ အိမ်ကြီးကို ကြည့်လိုက်လျှင်ပင် အဖြစ်အမျိုးမျိုး ကြုံတွေ့ခဲ့ရသော လူအိုကြီး၏ မျက်နှာနှင့် တူတော့၏။ အိမ်ကြီး၏ အသွင်အပြင်ကပင်လျှင် ယင်း၏သမိုင်းစဉ်ကို အကျဉ်းချုပ်သင်္ကေတအဖြစ်ဖြင့် ဖော်ပြနေသကဲ့သို့ ဖြစ်လေသည်။ ထိုအိမ်ကြီးအကြောင်းနှင့်တကွ အိမ်သူအိမ်သား အစဉ်အဆက်တို့၏ အတ္ထုပ္ပတ္တိသမိုင်းစဉ်ကို ဖော်ပြရလျှင် စိတ်ဝင်စားဖွယ်၊ တရားသံဝေဂရဖွယ်ဖြစ်ရန် အကြောင်းလမ်းများစွာ ရှိလေသည်။

သို့ရာတွင် ထိုသမိုင်းစဉ်ကား အချိန်ကာလ အတိုကလေးအဖို့ ဖြစ်မည်မဟုတ်၊ အနှစ်နှစ်ရာကျော် အဖြစ်အပျက်ကို ဖော်ပြရပေမည်။ ထိုကာလအတွင်း အဖြစ်အပျက်အလုံးစုံကိုသာ မှတ်တမ်းတင်ရပါမူ ယင်းမှတ်တမ်းကြီးမှာ အဆမတန် ကြီးမားနေပေလိမ့်မည်။ ယင်းသည့်အတွက်ကြောင့် အရေးကြီးသော အကြောင်းအရာတို့ကိုသာ မှတ်တမ်းတင်ရပေမည်။ ဤဝတ္ထုမစမီ အနှစ်နှစ်ရာခန့်က ဤအိမ်ကြီးကို စတင်တည်ဆောက်သည့် အကြောင်းအရာတို့မှာကား မှတ်သားဖွယ်ကောင်းလှပေ၏။

ဤခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ဤနေရာ၌ မတည်ဆောက်မီက ဤနေရာကို ယခုကဲ့သို့ 'ပင်းချွန်း' လမ်းဟူ၍လည်း မခေါ်၊ ဤမျှကြီးကျယ်သော နာမည်ကြီးမျိုးလည်း မရှိချေ။ ယခင်က ဤလမ်းကလေးကို 'မော' လမ်းကြားဟု ခေါ်လေသည်။ ထိုခေတ် ထိုအခါက ဤလမ်းကြားကလေးတွင် နေသူ၏ အမည်ကား 'မက်သယူးမော' ဆိုသူဖြစ်သည်။ မက်သယူးမောသည် ချမ်းသာကြွယ်ဝသူ မဟုတ်ရကား သူဆောက်ထားသည့် တဲကုပ်ကလေးနှင့် လမ်းမကြီးကိုဆက်သော ကျွဲနွားများ သွားလာရန် လမ်းကြားကလေး ဖောက်ထားလေသည်။ သူ့တဲကလေးမှာလည်း ဆင်းရဲသားတဲများနည်းတူ သက်ငယ်မိုး၍ စုတ်ချာ

mgyoe.com

mgyoe.com


လှချေသည်။ ထိုတဲကလေးကို ထိုနေရာ၌ အဘယ်ကြောင့် ဆောက်ရသနည်း ဟူမူ မက်သယူးမောမှာ တောင်သူလယ်သမား ဖြစ်သည့်အလျောက် အေးမြကြည်လင်လှသည့် စမ်းပေါက်ကလေးအနီးတွင် တဲဆောက်၍နေလျှင် မိမိ၏ ကျွဲနွားများနှင့် ပနံသင့်မည်ဟု တွက်ဆသောကြောင့်ပင် ဖြစ်သည်။

ယခင်က ဤတဲကုပ်ကလေး ရှိရာအရပ်မှာ ရွာစွန်ရွာဖျား ဖြစ်သဖြင့် ဘာမျှ တန်ဖိုးမရှိချေ။ မည်သူကမျှ မျက်စိ မကျခဲ့ချေ။ သို့ရာတွင် အနှစ်သုံးလေးဆယ်အတွင်း၌ ရွာကလေးမှ ရွာကြီး၊ ရွာကြီးမှ မြို့ကလေး အဖြစ်သို့ တစ်ဆင့်ဆင့် တိုးတက်လာသောအခါ၌မူကား ထိုနေရာကလေးမှာ အစွန်အဖျား မဟုတ်တော့ဘဲ မြို့လယ်ဘက်သို့ ခပ်ကျကျ ဖြစ်သဖြင့် ထိုနေရာကလေးကို မျက်စိကျသူတစ်ဦး ပေါ်ပေါက်လာလေတော့သည်။

မျက်စိကျသူမှာလည်း နှယ်နှယ်ရရ မဟုတ်ချေ။ မြို့ပေါ်တွင် သြဇာတိက္ကမနှင့် ပြည့်စုံသည့် ကာနယ်ပင်းချွန်းပင်ဖြစ်သည်။ ကာနယ်ပင်းချွန်းမှာ မြေနေရာများကို အစိုးရထံမှ ဂရန်ယူ၍ အားမရသည့်အတိုင်း သူ့မြေနေရာနှင့် ကပ်လျက်ရှိသည့် မက်သယူးမော တဲကုပ်နေရာကလေးကိုပင် လိုချင်သဖြင့် သူသာပိုင်သည်ဟု တရားရုံးတွင် လျှောက်ထားတောင်းဆိုသဖြင့် မက်သယူးမောမှာ တောင်သူလယ်သမား အညတရတစ်ဦး ဖြစ်သော်လည်း မဟုတ်လျှင် မခံတတ်သည့် စိတ်ဓာတ်ရှိသူတစ်ဦးဖြစ်သဖြင့် ဓနရှင်က ဆင်းရဲသားကို မတရားသဖြင့် နှောင့်ယှက်ခြင်းကို မခံဘဲ အပြင်းအထန် ကန့်ကွက် တိုက်ခိုက်လေရာ နှစ်ပေါင်းအတော်ကြာသွားလေသည်။ ယင်းသို့ နှစ်အတော်ကြာမှ မိမိပိုင်သောမြေတစ်ဧကကျော် နှစ်ဧကကို ပြန်ရရှာသည်။

ယင်းသို့ ကာနယ်ပင်းချွန်းနှင့် မက်သယူးမောတို့ မြေမှုတရားဖြစ်

mgyoe.com

mgyoe.com


ကြောင်း ရာဇဝင်အမှတ်အသား မရှိသော်လည်း ဘိုးဘေးမိဘအစဉ်အဆက်တို့ ပြောလာကြသဖြင့် နောင်လာနောက်သားတို့ သိကြရလေသည်။ ခနရှင်နှင့် ဆင်းရဲသားဖြစ်၍ ခနရှင်က နိုင်လိုမင်းထက် ပြုလုပ်သည်ဟု အစဉ်အလာကဆိုသော်လည်း အကြောင်းခြင်းရာ အစုံအလင် မသိရှိသဖြင့် အသေအချာ စွပ်စွဲခြင်းငှာ မစွမ်းသာ။ နောက်ဆုံး၌ ခနရှင်ကာနယ်ပင်းချွန်း မြေမှုရှုံး၍ မက်သယူးမောမှာ သူ့တဲကုပ်ကလေးနှင့် ဥယျာဉ်မြေတစ်ဧကကျော်ကို ပြန်၍ရသော်လည်း သူ့ခမျာမှာ ကြာရှည်စွာ အကျိုးမခံစားရချေ။ မကြာမီပင်လျှင် မက်သယူးမောမှာ အသေဆိုးသေရရှာလေသည်။ သေရပုံကား မက်သယူးမောအား စုန်းကဝေအတတ် တတ်မြောက်သည့် မိစ္ဆာဒိဋ္ဌိတစ်ဦးဟု စွပ်စွဲကာ ကြိုးစင်တင်၍ သတ်ပစ်ရန် အမိန့်ချမှတ်ခြင်း ခံရသည်။ လွန်ခဲ့သော အနှစ်တစ်ရာကျော် နှစ်ရာခန့်က ခရစ်ယာန်သာသနာဝင်တို့သည် မိမိတို့၏ ပြည်နယ်၌ မိမိတို့ကဲ့သို့ သာသနာကို မသက်ဝင် မကြည်ညိုသူတို့အား မိစ္ဆာဒိဋ္ဌိများ စုန်းကဝေတတ်သူများဟု လုံလောက်သော အကြောင်းမရှိဘဲနှင့်ပင် စွပ်စွဲကာ ထိုခေတ်ကဥပဒေအရ အဆုံးစီရင်လေ့ရှိကြသည်။

ယင်းသို့ အကြောင်းလုံလောက်စွာ မရှိဘဲနှင့် မိစ္ဆာဒိဋ္ဌိဟူ၍လည်းကောင်း၊ စုန်းကဝေအတတ် တတ်သည်ဟူ၍လည်းကောင်း၊ စွပ်စွဲ၍ အဆုံးစီရင်ခြင်း ခံရသူများမှာ မြောက်မြားစွာပင် ဖြစ်၏။ ယင်းတို့မှာ များသောအားဖြင့် မျက်နှာမရှိသူ သူဆင်းရဲသားများသာ ဖြစ်လေသည်။ မက်သယူးမောအား စုန်းအတတ် တတ်သည်ဟု စွပ်စွဲ၍ သေဒဏ်ပေးသည်အထိ ဖြစ်စေရာ၌ ကာနယ်ပင်းချွန်း၏ ပယောဂများစွာပါရှိသည်ဟု ဆိုကြသည်။

ယင်းသို့ ခရစ်ယာန်သာသနာကို ဆန့်ကျင်သူဟု စွပ်စွဲခြင်းခံရပြီးနောက် ကြိုးစင်တက်ရသူတို့မှာ ပရိသတ်လူထု၏ အဆဲအဆို အငြို

mgyoe.com

mgyoe.com


အငြင်ကို ကြီးစွာ ခံကြရလေသည်။ မက်သယူးမောအား ကြိုးစင်တင်ရန် ခေါ်ဆောင်သွားသောအခါ တစ်မြို့လုံးရှိ လူအပေါင်းတို့က နောက်မှ လိုက်၍ မိစ္ဆာဒိဋ္ဌိကြီး မက်သယူးမောအား ဆဲဆိုကျိန်ဆဲကြလေသည်။ မြို့မျက်နှာဖုံးဖြစ်သည့် တရားသူကြီးများ၊ ဘုန်းတော်ကြီးများ နိုင်ငံရေး ခေါင်းဆောင်ကြီးများ ကြေးရတက် ပုဂ္ဂိုလ်ကြီးများလည်း ကားစင် တင်ရာသို့ သွားရောက်ကြည့်ရှုကြလေသည်။

မက်သယူးမောအား ကားစင်တင်ရန် လည်ပင်းတွင် ကြိုးစွပ်ပြီး နောက် ဒေါက်ဖြုတ်ချရန် အချိန်နီးကပ်လာသည်တွင် မြင်းပေါ်မှနေ၍ အခန့်သားကြည့်နေသည့် ကာနယ်ပင်းချွန်းအား မက်သယူးမောက စိန်းစိန်းကြည့်ကာ "ဘုရားသခင် ဤသူ့အားသောက်ရန် သွေးပေးတော်မူပါ" ဟု လက်ညှိုးတငေါက်ငေါက်ထိုးကာ ဆုတောင်း၍ သေပွဲဝင်လိုက် လေသည်။

ယင်းသို့ ကျိန်ဆဲခံရသော်လည်း မျက်နှာတစ်ချက်မျှ မပျက်သော လူချမ်းသာကြီး ကာနယ်ပင်းချွန်းသည်ကား သူ့ရန်သူ မက်သယူးမော သေဆုံးပြီးနောက် များမကြာမီပင် မက်သယူးမော၏ တဲကုပ်ကလေးနှင့် မြေနေရာကွက်ကို ဝယ်ယူသိမ်းပိုက်လိုက်လေသည်။

ထိုနေရာကွက်ကလေးကို ဝယ်ယူပြီးနောက် ကာနယ်ပင်းချွန်းက ထိုနေရာ၌ပင် မိမိနှင့်တကွ အိမ်သားများ အတည်အမြဲနေထိုင်ကြရန် ခုနစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်လုပ်မည်ဟူသော သတင်းကို ကြားရသူ အပေါင်းတို့က ခေါင်းတယမ်းယမ်းနှင့် ကွယ်ရာတွင် အပြစ်ပြောကြလေ သည်။ အပြစ်ပြောသူတို့က ကျိန်ဆဲ၍သွားသော မက်သယူးမောကို သတိရကာ ဤနေရာတွင် အိမ်ကြီးအိမ်ကောင်းဆောက်ရန် မထိုက်လှဟု ပြောကြသည်။ ကွယ်လွန်သူ မက်သယူးမော၏ ဝိညာဉ်သည် ထိုအိမ် သစ်ကြီးတွင် ဝင်၍နှောင့်ယှက်မည်ကို စိုးရသည်ဟု ဆိုကြသည်။ "ကာ

mgyoe.com

mgyoe.com


နယ်ပင်းချွန်းမှာ ဆောက်စရာမြေတွေ ပေါရဲ့သားနဲ့ ဒီလိုမလွတ်ကင်းတဲ့ မြေကိုမှ ရွေးရသလား" ဟုဆိုကြလေသည်။

ယင်းသို့ အများက ဝိုင်းဝန်းအပြစ်တင်သော်လည်း ကာနယ်ပင်းချွန်းမှာ မက်သယူးမော၏ ကျိန်စာကိုလည်းမကြောက်၊ သူ့ဝိညာဉ်ကိုလည်း အမှုမထား၊ ဆောက်မည်ဟု ရည်စူးထားသည့်အတိုင်း အိမ်ကြီးကို ဆောက်ရန် အကြီးအကျယ် ပြင်ဆင်လေသည်။ ကာနယ်ကြီးမှာ နဂိုကပင် ထက်မြက်သော သဘောရှိသဖြင့် တစ်ကြောင်း၊ ငွေကြေးတတ်နိုင်သဖြင့် တစ်ကြောင်း။ အယူသီးသူတို့က တားမြစ်သည်ကို အမှုမထားဘဲ မက်သယူးမော၏ တဲကုပ်ကလေး နေရာ၌ပင်လျှင် အိမ်ကြီး၏ ရိက္ခာခန်းကို ဆောက်လုပ်လိုက်လေသည်။ အိမ်ကြီးဆောက်လုပ်နေစဉ်ပင် ထူးခြားသော အချက်တစ်ခု ပေါ်ပေါက်လာသည်မှာ မက်သယူးမောတူးသွားသည့်ရေတွင်းမှ ရေသည် ယခင်ကကဲ့သို့ ကြည်လင်ချိုမြခြင်း မရှိတော့ဘဲ ချဉ်ငန်ငန်ဖြစ်လာလေသည်။ ယခင်က ခရီးပန်းလာသော ခရီးသည်တို့သည် မက်သယူးမော၏ ရေတွင်းမှ ရေတစ်ပေါက်သောက်လိုက်ရလျှင် အမောပြေသွားသော်လည်း ယခုသော်မူ ထိုရေကို သောက်လိုက်လျှင် အမောမပြေရုံသာမကသေး ဥပဒ်အန္တရာယ်ဖြစ်ကြကြောင်း သတိပြုမိကြလေသည်။

အခြားထူးခြားချက်တစ်ခုကား မက်သယူးမော၏သား သောမတ်စ်မောသည် ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီးကို တာဝန်ယူ၍ ဆောက်လုပ်ပေးရခြင်းပင် ဖြစ်သည်။ စင်စစ်တော့ကား ထိုအချက်မှာ ထူးဆန်းလှသည်မဟုတ်။ တောင်သူလယ်သမား လက်လုပ်လက်စားတစ်ဦး၏ သားက ဗိသုကာအဖြစ် အသက်မွေးဝမ်းကျောင်းရှာရာ၌ မိမိလက်ခ ပြည့်စုံကျေပွန်အောင်ရလျှင် မည်သည့်နေရာ၌မဆို အဆောက်ခိုင်းသော အိမ်ကို ဆောက်ပေလိမ့်မည်။

mgyoe.com

mgyoe.com


ထိုခေတ်က ဓနရှင်တို့ ဆင်းရဲသားများအပေါ်တွင် နိုင်ထက်ကလူ ညှဉ်းဆဲသောအခါ၌ ဆင်းရဲသားများက အန်တုခြင်းမပြုဘဲ ငုံ့၍သာ ခံလေ့ရှိရကား မက်သယူးမောစ၏သားမှာ အိမ်ကြီးရှင် ကာနယ်ပင်းချွန်း အား အထူးအာဃာတတရား ထားသည်ဟူ၍ မရှိဘဲ မိမိတာဝန်ယူသော အလုပ်ကို မပျက်မကွက် ပြုလုပ်ဆောင်ရွက်လေသည်။ ဗိသုကာသော မတ်စ်မောစ၏ လက်ရာမှာ မည်မျှကောင်းသည်ဟု အထူးဆိုဖွယ်ရာ မရှိပေ။ နှစ်ပေါင်း ၂၀၀ ကျော်မျှ ခိုင်ခံ့တည်မြဲအောင် ခုနစ်ဆောင်ပြိုင်အိမ် ကြီးကို ဆောက်လုပ်ပေးသည်ကို ထောက်ရှုက ကောင်းစွာသိနိုင်ပေသည်။

အိမ်ကြီးပြီးသောအခါ ခရစ်ယာန်သာသနာဝင်တို့၏ထုံးစံအတိုင်း အိမ်တက်တရားနာပွဲ ကျင်းပလေသည်။ ထိုအိမ်တက်တရားနာပွဲ၌ ဘုန်းတော်ကြီး ဟစ်ဂင်ဆန်က ကျမ်းစာကိုဖတ်၍ အိမ်တက်မင်္ဂလာ တရား ဟောကြားလေသည်။ ထိုနေ့ညဉ့်ပင်လျှင် ဧည့်ခံပွဲကြီးတစ်ရပ် ကျင်းပလေရာ နွားကောင်လုံး၊ သမင်ကောင်လုံး ကင်၍ တစ်မြို့လုံးရှိ ဆင်းရဲချမ်းသာမရွေး မြို့သူမြို့သားအားလုံးတို့အား ဖိတ်ခေါ်ကျွေးမွေး လေသည်။ လူအများစားသုံးရန်အတွက် ဟင်းကျွေးများ ချက်ပြုတ်ရ သဖြင့် အိမ်သစ်ကြီး၏ မီးဖိုခေါင်းတိုင်ကြီးမှ မီးခိုးလုံးနက်ကြီးများ လိပ်၍ လိပ်၍ တက်သွားသည်ကို မြင်ရလေသည်။ ပရိသတ်အပေါင်းတို့အား အရက်မျိုးစုံကို လှိုင်လှိုင်ကြီး တိုက်ကျွေးလေသည်။ ဟင်းနံ့ ကျွေးနံ့တို့ မှာလည်း ပတ်ဝန်းကျင်၌ပျံ့နှံ့ကာ လူအပေါင်းတို့အား သွားရည်ယိုကြ စေသည်။

ယခင်က 'မော' လမ်းကြားဟု အမည်မှည့်ထားသည်ကို ထိုနေ့၌ ပင်လျှင် 'ပင်းချွန်း' လမ်းဟု အမည်ပြောင်း၍ မှည့်ခေါ်ကြလေသည်။ ချိန်းဆိုထားသောအချိန်၌ ပရိသတ်တို့သည် ပထမဘုရားရှိခိုးကျောင်း ရှိရာသို့ စီတန်း၍ သွားကြလေသည်။ ယင်းသို့သွားကြရာတွင် အသစ်

mgyoe.com

mgyoe.com


စက်စက် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို မော့၍ကြည့်ကာ ကျေနပ်ဝမ်းသာလျက် ရှိကြကုန်၏။ အိမ်ကြီးမှာလည်း မြင်သူတို့ အံ့ဘနန်း မြင့်မား ခမ်းနားလှပေသည်။ အဆောင်ခုနစ်ဆောင်၏ ဝဲလင်းတို့မှာ မိုးပေါ်တွင် ပျံနေသကဲ့သို့ တင့်တယ်လှပေသည်။ ထိုအဆောင်ကြီး ခုနစ်ဆောင်အလယ်၌ ကြီးမားသော မီးဖိုခေါင်းတိုင်ကြီးကို အဝေးကပင် မြင်နိုင်သည်။ အခန်းများ၏ များလှစွာသော ပြတင်းပေါက်တံခါးတို့တွင် ဖြူနီပြာ မှန်ရောင်စုံတပ်လျက် ရှိသောကြောင့် ကျနေရောင်အောက်တွင် ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ ရောင်စုံခြယ်ထားသကဲ့သို့ ဖြစ်ပေသည်။

အိမ်ကြီး၏ တံခါးမ,ကြီးများမှာ ဘုရားရှိခိုးကျောင်း တံခါးမ,ကြီးများနီးပါး ကျယ်ဝန်းလှသည်။ ထိုကျယ်ဝန်းသော တံခါးမ,ကြီးများမှာ အတွင်းခန်းမကြီးသို့ ထိုနေ့ညက မြို့ပေါ်ရှိ အထက်တန်းစား မင်းယောကျ်ား မင်းမိန်းမတို့သာမက အောက်တန်းစား တောင်သူလယ်သမား ဆင်းရဲသားအပေါင်းတို့လည်း ဝင်ရောက်၍ အိမ်ကြီးရှင်၏ စေတနာအလျောက် တည်ခင်းကျွေးမွေးသော စားဖွယ်သောက်ဖွယ်တို့ကို မြိန်ရှက်စွာ စားသောက်ကြလေသည်။ ကတ္တီပါအင်္ကျီများဝတ်လျက် ပန်းရောင်စုံထိုးထားသော လက်အိတ်ကြီးများကိုစွပ်ကာ ရှည်လျားခံ့ညားသော မုတ်ဆိတ်ကြီးများ တကားကားနှင့် တန်ခိုးအာဏာ ဩဇာတိက္ကမပိုင်သကြောင်း မိမိတို့၏ တည်ကြည်သော မျက်နှာများက ဖော်ပြလျက် ရှိသော မြို့မျက်နှာဖုံးကြီးများနှင့်တကွ ယင်းတို့၏ လှပတင့်တယ်သော ဇနီးသည်များ ကြွရောက်လာကြသောအခါ အိမ်ကြီးရှင်၏ ဘဏ္ဍာစိုးကြီး ရှေ့ဆောင်သည့် အစေခံတစ်စုက ဆီးကြိုဧည့်ခံ၍ စားလိုရာ သောက်လိုရာ စားဖွယ်သောက်ဖွယ်တို့ကို တည်ခင်း ကျွေးမွေးကြလေသည်။ ညစ်ညစ်ထေးထေးနှင့် စုတ်စုတ်ပြတ်ပြတ် ဆင်းရဲသားတို့ကား အခန်းမကြီးအတွင်းသို့ မဝင်ကြဘဲ ဘေးမှရှောင်၍ ကျယ်ဝန်းလှသည့် မီးဖို

mgyoe.com

mgyoe.com


ဆောင်ကြီး၌ ကြမ်းတမ်းညစ်ပေလှသော စားပွဲကြီးများပေါ်မှ စားဖွယ်သောက်ဖွယ်တို့ကို ယူ၍ စားသောက်ကြရသည်။

ယင်းသို့လျှင် ထိုမြို့ကလေးအဖို့ မကြုံဖူးလောက်အောင် ထူးခြားစွာ စည်ကားသည့် ဧည့်ခံပွဲကြီးမှာ အစစအရာရာ၌ ဆိုစရာမရှိလောက်အောင် ဖြစ်သော်ငြားလည်း ကြွလာသော ပရိသတ်တို့၏စိတ်ဝယ် မကျေနပ်သော အချက်ကလေးတစ်ချက် ပြူထွက်၍လာလေသည်။ ထိုအချက်ကလေးသည်ကား အခြားမဟုတ်၊ ယင်းကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ဧည့်ခံကျွေးမွေးသော်လည်း လူယဉ်ကျေးတို့၏ ထုံးစံအတိုင်း အိမ်ရှင်က ရှေ့ဆောင်၍ ဧည့်သည်များကို ခရီးဦးကြိုပြုရမည် ဖြစ်သော်လည်း အိမ်ကြီးရှင် ကာနယ်ပင်းချွန်းမှာ ဧည့်ခံပွဲကြီး၌ မတွေ့ရဘဲ ပျောက်ခြင်းမလှ ပျောက်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ လူယဉ်ကျေးတို့ ထုံးစံကို မလိုက်ဘဲ အိမ်အစေခံများကသာ ခရီးဦးကြိုပြုကာ ဧည့်ခံနေခြင်းဖြင့် ရိုင်းပျသော အမူအရာကိုပြသည့် ကာနယ်ပင်းချွန်းအကြောင်းကို ဧည့်သည်များ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောနေကြလေသည်။ သူတို့က ကာနယ်ပင်းချွန်းမှာ နဂိုက ဖော်ရွေသူတစ်ဦးဖြစ်ပါလျက်နှင့် ယင်းသို့ ဧည့်သည်များကို ဂရုမထားဘဲ ရှောင်ရှားနေခြင်းမှာ ထူးခြားသော အချက်တစ်ရပ်ဖြစ်သည်ဟု ဆိုကြလေသည်။ ဤမျှ ရိုင်းပျလိမ့်မည်ဟု မမျှော်လင့်ဘဲ နေခဲ့ကြသဖြင့် ဧည့်သည်အပေါင်းတို့က အိမ်ကြီးရှင်အား စိတ်နာကာ အချင်းချင်း အပြစ်ပြောနေကြလေသည်။

ယင်းသို့ ကိုယ်တိုင် ဧည့်မခံခြင်းအကြောင်း ပြောနေစဉ်ပင် ဘုရင်ခံမင်းကြီး ကြွရောက်လာရာ ဘဏ္ဍာစိုးကြီးကပင် မင်းကြီးအား ခရီးဦးကြိုပြု၍ ဧည့်ခံကျွေးမွေးသဖြင့် ပရိသတ်တို့မှာ ဆက်လက်၍ အရေးမယူဘဲ မနေနိုင်သော အဖြစ်သို့ ရောက်ကြရလေတော့သည်။

"ဘယ့်နှယ်ဗျာ၊ ကျုပ်တို့ကိုတော့ ထားပါတော့၊ အခုကြည့်ပါလား၊

mgyoe.com

mgyoe.com

ပြည်နယ်ဘုရင်ခံမင်းကြီးကိုယ်တိုင် ကြွရောက်လာတာတောင် အိမ်ကြီးရှင်က အိမ်သူ့ဝတ်မကျေဘဲ ဂရုမပြုတာဟာ အတော်ပဲ အရုပ်ဆိုးတယ်” ဟု ပရိသတ်က တဖွဖွ ပြောလာကြသည်။ မုတ်ဆိတ် နီကြန့်ကြန့်နှင့် ဣန္ဒြေကြီးလှသည့် ခန့်ညားသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ဘုရင်ခံမင်းကြီးသည် ဘဏ္ဍာစိုးကြီး၏ ခရီးဦးကြိုပြုခြင်းကို ခံနေစဉ်ပင် မြို့တော်ဝန်ကြီးက မကျေနပ်သောကြောင့် ဘဏ္ဍာစိုးကြီးအား မင်းကြီးကြားလောက်သည့် နေရာ၌ပင်လျှင် ဆူပူကြိမ်းမောင်းလေသည်။

“ဟေ့ကောင် ... အခုလာတဲ့ ပုဂ္ဂိုလ်ကြီးကို မင်းမသိဘူးလား၊ ဘုရင်ခံမင်းကြီးကွ။ ဒီပုဂ္ဂိုလ်ကြီးမျိုးကိုတောင် မင့်ဆရာက ဘာဖြစ်လို့ ထွက်မကြိုရတာလဲ။ သွား ... သွား ... မင့်ဆရာကာနယ်ကြီးကို သွားခေါ်ချေ ...။ ဘုရင်ခံမင်းကြီးဆိုတာဟာ ဘုရင်ရဲ့ ကိုယ်စားလှယ်တော်ကွ၊ အိမ်ရှင်ကိုယ်တိုင်က လောကွတ်ပျူငှာနဲ့ မကြိုဆိုဘူးဆိုရင် တို့မြို့နာမည်ပျက်တော့မပေါ့၊ မင်းဆရာရိုင်းတဲ့အတွက် ငါတို့တစ်မြို့လုံး ရာဇဝင် မရိုင်းစေချင်ဘူးကွာ၊ မင့်ဆရာကို သွားပြီး မြန်မြန်ခေါ်ချေစမ်း” ဟု ဆိုလေရာ ဘဏ္ဍာစိုးကြီးက ...

“ဒါတော့သည်းခံပါ မြို့ဝန်ကြီးရာ၊ ကျွန်တော့်သခင်က အတိအကျ အမိန့်ပေးထားပါတယ်။ သူ့အမိန့်ကို ကျွန်တော် တစ်သဆမတိမ်းနာခံရပါလိမ့်မယ်။ သူက ဘာပဲဖြစ်ဖြစ်၊ ဘယ်သူကပဲခေါ်ခေါ် ငါ့ဆီမလာရဘူးတဲ့။ အဲဒီတော့ ကျွန်တော်တို့အစေခံတွေကတော့ သခင့်စကားကို နားထောင်ရမှာမို့ သူ့ကို သွားမခေါ်ရဲပါဘူးခင်ဗျာ။ သွားခေါ်ရဲတဲ့သူရှိရင် ခေါ်ချေပါ။ ဟောဟို အခန်းထဲမှာပါ” ဟုပြော၍ အခန်းကြီးတစ်ခုဘက်သို့ လက်ညှိုးညွှန်လေသည်။ ထိုစကား အချေအတင်ကို ဘုရင်ခံမင်းကြီး ကြားသဖြင့် မြို့ဝန်ကြီးအား “ဒုက္ခမရှာပါနဲ့ဗျာ ...။ တကယ်ဆိုတော့ ကာနယ်ကြီး အခုအချိန်လောက်ဆိုရင် အခန်းထဲက

mgyoe.com

mgyoe.com


ထွက်ဖို့တော်ပါပြီ၊ ကျုပ်ကိုယ်တိုင်လည်း ရောက်နေမင့်ဟာ၊ ကဲ ... ကဲ ... ကျုပ်ပဲ သွားခေါ်ပါ့မယ်" ဟုဆိုပြီးလျှင် ဘဏ္ဍာစိုးကြီး ညွှန်ပြသော အခန်းဘက်သို့သွား၍ ပိတ်ထားသော တံခါးကို ခေါက်လေသည်။

ယင်းသို့ခေါက်သော်လည်း အခန်းတွင်းက ဘာသံမျှ မကြားရချေ၊ ခန်းမကြီး၌ လူသံသူသံများတိတ်၍ ဘုရင်ခံမင်းကြီး၏ တံခါးခေါက်သံကိုသာ အာရုံစိုက်၍ အခန်းတွင်းမှ ကာနယ်ကြီးထွက်လာလိမ့်မည်ဟု အားလုံးက မျှော်နေကြသော်လည်း အခန်းတွင်းမှ တုတ်တုတ်မျှ လှုပ်သံမကြားရသဖြင့် အံ့အားသင့်ကာ ကြက်သေသေနေကြလေသည်။

မိမိကိုယ်တိုင် တံခါးခေါက်ပါလျက်နှင့် အိမ်ကြီးရှင်က ထွက်၍ မလာသောကြောင့် ဘုရင်ခံကြီးမှာ ငြိမ်သက်၍ စောင့်ကြည့်နေသော ပရိသတ်အလယ်တွင် အရှက်ကြီးရလေတော့သည်။ "တယ်လည်း ထူးဆန်းပါလားဗျာတို့။ ကျုပ်တို့အိမ်သည်က ဧည့်ဝတ်မကျေရင် ကျုပ်တို့ဧည့်သည်ကလည်း ဝတ္တရားကျေဖို့ မလိုတော့ပါဘူးဗျာ၊ တံခါးခေါက်ရဲ့သားနဲ့မှ ဖွင့်မပေးရင် အတင်းရိုက်ချိုးပြီး ဝင်ရုံသာ ရှိတော့တာပဲ"ဟု ဆိုကာ တံခါးကို ရိုက်ချိုးဖို့ တံခါးလက်ကိုင်ဘုကြီးကို ကိုင်စမ်းကြည့်ခါမျှရှိသေးသည် တံခါးမှာ ဖွင့်ထားသောကြောင့် သာ၍ အံ့အားသင့်သွားလေသည်။ ထိုအခိုက်၌ပင် အပြင်ဘက်မှ လေကလေးတစ်ချက်ဝှေ့လိုက်သဖြင့် ဟ,နေသောတံခါးမှာ ဟာလာဟင်းလင်း ပွင့်သွားလေတော့သည်။ ထိုလေကလေးတဝှေ့ကား အတော်ကြမ်းလှချေ၏။ မိန်းမများ၏ ဂါဝန်စများ လွင့်သွားရုံသာမက ယောကျ်ားများဆောင်းလာသော ဆံပင်ဝှားအချို့မှာ ပြုတ်ကျခမန်းပင် ဖြစ်သွားလေသည်။ ယင်းသို့ မမျှော်လင့်ဘဲ လေတစ်ချက်ဝှေ့လိုက်သဖြင့် အားလုံးမှာ ကျောစိမ့်သွားကြလေသည်။ ထို့ပြင်လည်း ဘုရင်ခံမင်းကြီးရှေ့ဆောင်၍ ကာနယ်ကြီး၏ အခန်းထဲသို့ ဝင်သွားကြစဉ် အားလုံးသောလူတို့သည် စိတ်၌ စနောင့်

mgyoe.com

mgyoe.com

စနင်း ဖြစ်၍နေကြလေသည်။ ရုတ်တရက် ဝင်၍တိုးသော လေအေး ကလေးကြောင့်လားမသိ အားလုံးပင်စိတ်ထဲ၌ အေးစိမ့်သွားပြီးလျှင် ကြောက်စိတ်ဝင်လာကြလေသည်။

ဘုရင်ခံမင်းကြီးနှင့်တကွ လူကြီးလူကောင်းတစ်စုတို့ ကာနယ် ပင်းချွန်းအခန်းထဲသို့ ရောက်သွားသောအခါ အခန်းမှာ လှပသေသပ်စွာ ခင်းကျင်းထားသဖြင့် စာကြည့်ခန်းနှင့် တူလှပေသည်။ စာအုပ်များလည်း နံရံများတစ်လျှောက်တွင် အဆင့်များဖြင့် မြောက်မြားစွာ စီ၍ထားလေ သည်။ ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် နံရံအလယ်အပေါ်ပိုင်း၌ ကာနယ်ပင်းချွန်း၏ ရုပ်ပုံကြီးမှာ လူနှင့်မခြား တူလှပေသည်။ ထိုရုပ်ပုံ ကြီးအောက်၌ ကာနယ်ပင်းချွန်းသည် ကြီးမားကျယ်ပြန့်သော စားပွဲကြီး တွင် လက်ထောက်၍ ဝင်လာသော ပရိသတ်ကို ငေးကြည့်နေလေသည်။ ဘုရင်ခံမင်းကြီးလည်း ကာနယ်ကြီး၏ ပြူးကြောင်ကြောင်မျက်လုံးများ ကို ငေးစိုက်ကာ စကားမပြောဘဲ ကြောင်တက်တက်ဖြစ်နေစဉ် ကာ နယ်ကြီး၏ မြေးကလေးက သူ့အဘိုးထံသို့ ပြေး၍ဖက်မည်အပြုတွင် သူ့အဘိုးကိုကြည့်၍ သံသေးသံကြောင်အော်ဟစ်ငိုကြွေးကာ ထွက်ပြေး လေသည်။ ဘာမှန်းမသိဘဲ ကြောက်အားပိုနေသော လူတစ်စုမှာ ဒူးတုန် ၍ နေကြရာမှ တဖြည်းဖြည်း ရှေ့သို့မလှမ်းရဲ လှမ်းရဲနှင့် တစ်လှမ်းချင်း လှမ်းသွားကြသည်။ အနီးသို့ရောက်သောအခါ ဘုရင်ခံမင်းကြီးသည် ကာနယ်ကြီး၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းလှသည့် အဖြစ်မျိုး သို့ ရောက်နေကြောင်း တွေ့ရရုံသာမက သူ့မုတ်ဆိတ်မှာ သွေးများ ပေကျံလျက် အင်္ကျီကော်လံပေါ်တွင်လည်း သွေးစက်များကျနေကြောင်း တွေ့ရှိရလေသည်။ ထိုအခါ အစက သူတို့အား ငေးကြောင်ကြောင် ကြည့်နေသည်ဟု ထင်ရသည့် ကာနယ်ကြီးမှာ ထိုင်လျက်ပင် ဇီဝိန်ချုပ် နေကြောင်း တွေ့ရတော့သည်။

mgyoe.com

mgyoe.com


ခုနစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်ပြီး၍ အိမ်တက်မင်္ဂလာပြုနေချိန်တွင်ပင် အိမ်ကြီးရှင် ကာနယ်ပင်းချွန်းမှာ သူ့စာကြည့်ခန်းတွင် ထူးဆန်းစွာ သေနေကြောင်းကို အစဉ်အဆက် ပြောလာကြလေသည်။ အချို့က ကာနယ်ကြီးပါးစပ်မှ သွေးများယိုစီး၍ မုတ်ဆိတ်တစ်ခုလုံး စိုခဲ့နေသည်မှာ အခြားကြောင့်မဟုတ်၊ မက်သယူးမောက သေခါနီးတွင် ဘုရားသခင်အား ကာနယ်ကြီးသောက်ရန် သွေးပေးတော်မူပါဟု ဆုတောင်းကျိန်ဆဲခဲ့ခြင်းကြောင့်ပင် ဖြစ်သည်ဟုဆိုရလေသည်။ တချို့ကလည်း ဉပစာတင်သော သဘောဖြင့် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ပထမဆုံးကျင်းပသော မင်္ဂလာပွဲသို့ မင်းယောကျ်ား မင်းမိန်းမ သူဌေးသူကြွယ်ဆင်းရဲသားတို့သာ တက်ရောက်ကြသည်မဟုတ်၊ သေမင်းကိုယ်တိုင်တက်ရောက်ခဲ့သည်ဟု ဆိုကြလေသည်။ မည်သို့ပင် ဆိုကြစေကာမူ ခုနစ်ဆောင်ပြိုင်အိမ်ကြီး အပြီးတွင် အိမ်ကြီးရှင်ကာနယ်ကြီး ကွယ်လွန်ရသည့် အကြောင်းမှာ ထိုမြို့၌ အစဉ်အလာပြောစရာအကြောင်း တစ်ရပ်ပင် ဖြစ်လေတော့သည်။

ကာနယ်ကြီး ထူးဆန်းစွာ သေဆုံးရသည့် အကြောင်းနှင့် ပတ်သက်၍ ထိုခေတ်အခါက သတင်းအမျိုးမျိုးဖြစ်နေသည်။ တချို့က ကာနယ်ကြီးအား အမည်မသိသူတစ်ယောက် ပြတင်းပေါက်မှဝင်၍ သတ်သွားသည်ဟု ပြောကြသည်။ ကာနယ်ကြီး၏ လည်ပင်း၌ လက်ရာများ ထင်နေသည်ဟု ဆိုကြသေးသည်။ အချို့ကလည်း မက်သယူးမော၏ ကျိန်စာသင့်သည်ဟု ဆိုကြသည်။ ကာနယ်ကြီး၏ အလောင်းကို စစ်ဆေးသော ဆရာဝန်ကြီးကမူ ကာနယ်ကြီးမှာ လေသင်တုန်းဖြတ်၍ သေသည်ဟုဆိုသည်။ ထိုခေတ်က ပုလိပ်အရာရှိတို့မှာမူကား အတော်ပင် ဆင်ခြင်တုံတရားရှိကြဟန်တူသည်။ အလောင်းကို စစ်ဆေးပြီးနောက် ကာနယ်ကြီးမှာ ရုတ်တရက် သေဆုံးသွားခြင်းဖြစ်သည်ဟု အစီရင်ခံ

mgyoe.com

mgyoe.com

ကြလေသည်။ လူတစ်ယောက်ဝင်၍ သတ်သွားသည်ဆိုသော စကားမှာကား လက်ခံနိုင်ဖို့ ခဲယဉ်းလှတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလူသတ်မှုနှင့်ပတ်သက်၍ ယခုထက်တိုင် အစွန်းအစ သိုးသိုးသန့်သန့်မျှ မကြားသိရချေ။ လူချမ်းသာတစ်ဦးဖြစ်၍ ပုလိပ်ဘက်မှ ထိုအမှုနှင့်ပတ်သက်၍ အတော်ပင်ကြိုးစားစုံစမ်းသော်လည်း လူသတ်သမားတရားခံကို မတွေ့ခဲ့ရခြင်းမှာ ကာနယ်ကြီးအား လူသတ်၍သေသည်ဟူသော ထင်မြင်ချက်ကို ပယ်ဖျက်လိုက်ရန် ထောက်ခံသကဲ့သို့ ဖြစ်၍နေလေသည်။ ထိုခေတ်က သတင်းစာများကလည်း ကာနယ်ကြီး ထူးဆန်းစွာ ကွယ်လွန်ရသည့်အကြောင်းနှင့် ပတ်သက်၍ အမျိုးမျိုး ရေးကြလေသည်။ အချုပ်ကိုဆိုရသော် ကာနယ်ကြီး ကွယ်လွန်ရသည့်အကြောင်းကို မည်သူမျှ မသိကြချေ။

ကာနယ်ပင်းချွန်း၏ အသုဘအခမ်းအနားဌ် ဘုန်းတော်ကြီး ဟာစ်ဂင်ဆန်က ကြေးရတတ်တို့နှင့် ပတ်သက်လျှင် အမြဲတမ်း ဘုန်းတော်ဘွဲ့ ရွတ်ဆိုလေ့ရှိသည့်အတိုင်းပင်လျှင် ကာနယ်ပင်းချွန်း၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ပြောဆိုသွားကြောင်း အစဉ်အလာဆိုကြသည်။ ကာနယ်ကြီးမှာ ဘာသာတရားဌ် ကိုင်းရှိုင်းကြောင်း မြို့ရေးရွာရေးဌ် ရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ခဲ့ကြောင်း စသည်တို့ကို စီကာပတ်ကုံး ပြောရှာသော ဘုန်းတော်ကြီးခမျာမှာ ကာနယ်ကြီးအား လူသတ်သမားတစ်ယောက် သတ်သွားသည်ဟူသော အစွဲမျိုး မရှိချေ။ သဘာဝအတိုင်း သေရှာသည်ဟူ၍သာ မှတ်ထင်မိလေသည်။

ကာနယ်ကြီး ကွယ်လွန်ပြီးနောက် သူ့သားမှာ ဖခင်ကြီး၏ အမွေအနှစ်တို့ကိုသာ ရရှိလိုက်သည်မဟုတ်ဘဲ လူရိုင်းဗိုလ်ကြီးတစ်ဦးနှင့် သဘောတူ စာချုပ်ချုပ်ဆိုလိုက်သည်ကို အကြောင်းပြု၍ မြေနေရာမြောက်မြားစွာ ရရှိလေသေးသည်။ ထိုမြေနေရာများမှာ ယခု 'ဝေါလဒို'

mgyoe.com

mgyoe.com


တိုက်နယ်ဟု ခေါ်နေကြသော နေရာကြီးပင်ဖြစ်ရာ အလွန်ကျယ်ဝန်းလှသဖြင့် ဥရောပတိုက်၌သာဆိုမူ ထိုမြေပိုင်ရှင်မှာ နယ်စားကြီးဘွဲ့ထူးဖြစ်စေ မင်းသားကြီးဘွဲ့ထူးဖြစ်စေ ရတန်ရာ၏။ ထိုတိုက်နယ်မှာ အစက မြေရိုင်းများပင် ဖြစ်သော်လည်း ခုတ်ထွင်တည်ထောင်သောကြောင့် ကောက်ပဲသီးနှံ မြောက်မြားစွာထွက်သော လယ်ကွင်းကြီးများအဖြစ်သို့ ရောက်ရှိသွားကြလေရာ မြေပိုင်ရှင် ကာနယ်ပင်းချွန်း၏ အဆက်အနွယ်တို့မှာ ငွေကြေးပေါများ၍ ကျိကျိတက်ချမ်းသာ လာကြကုန်၏။

ယင်းသို့လျှင် ပစ္စည်းဥစ္စာတိုးတက်ပွားများ လာသော်လည်း ကွယ်လွန်သူကာနယ်ကြီး မရှိသဖြင့် သူ့သားမှာ ကာနယ်ကြီးလောက် နေရာတကာတွင် ဩဇာတိက္ကမ မကြီးမားလေရကား အဆိုပါတိုက်နယ်ကြီးမှာ သူ့လက်ထဲသို့ ရောက်ပြီးခါမှ ပြန်လည် လွတ်ထွက်သွားလေတော့သည်။ အစဉ်အလာ အမှတ်အသားတို့မှာလည်း ဤအချက်၌ ကောင်းစွာ မရှိသောကြောင့် ပင်းချွန်းအဆက်အနွယ်တို့ ထိုနယ်ကို ရမရ မသိရတော့ချေ။ သို့ရာတွင် နောင်လာနောက်သားတို့ သိရသည်မှာ ထိုတိုက်နယ်ကြီးမှာ ပင်းချွန်းအဆက်အနွယ်တို့က မိမိတို့သာ ပိုင်ဆိုင်ထိုက်သည်ဟူသောအနေဖြင့် အပြင်းအထန် ကန့်ကွက်တိုက်ဖျက်ကြသော်လည်း နောက်ဆုံး၌ အခြားသူများအား ဝေခွဲပေးလိုက်ကြောင်းပင် ဖြစ်သည်။

ယင်းသို့ လာဘ်ရတနာကြီးနှင့် လွဲခြင်းမလှ လွဲသိုက်ရရှာသော ပင်းချွန်းအဆက်အနွယ်တို့မှာ တဖြည်းဖြည်း ငွေကြေးခနလျော့ပါးလာသည်နှင့်အမျှ ငါတို့အမျိုး ရှေးက ဘယ်သို့ကြီးကျယ်လှသည်ဟူသော ခရုဆန်ကျွတ်မာနမျိုးသာ ကျန်ခဲ့လေတော့သည်။ ယင်းသို့ မာနသာလျှင် အဆက်အနွယ်တစ်လျှောက်လုံး အမွေအနှစ်အဖြစ် ရခဲ့သဖြင့် နောက်ဆုံးနွယ်များအထိ ထိုမာနသာလျှင် ထင်ရှားစွာ ကျန်ခဲ့လေသည်။ မာနသာရှိ၍ ငွေကြေးခနမရှိတော့သော နောက်ဆုံးအနွယ်တို့မှာ ငွေကြေး

mgyoe.com

mgyoe.com


ရှာဖွေရမည်ကို ကြောက်ရွံ့ပျင်းရိနေကြလေသည်။ သူတို့သာ ပိုင်သင့်သည်ဆိုသောအချက်မှာလည်း ကာလရွေ့လျောသည့်အလျောက် တဖြည်းဖြည်း တိမ်ကောပပျောက်သွားလေရာ နောက်ဆုံးအနွယ်တို့အဖို့ ရှေးက ရွှေထီးဆောင်းခဲ့ဖူးသည့် အမျိုးအနွယ်ဖြစ်ပေသည် ဟူသော ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် သဘောတရားကလေးမျှသာ ကျန်ရှိလေတော့သည်။

အကြံညဏ် လုံ့လဝီရိယနှင့် ပြည့်စုံသည့် ပင်းချွန်း၏ အဆက်အနွယ်များမှာ ကာနယ်ကြီး၏ အရည်အချင်းကို မီသူမရှိသလောက်ရှားလေသောကြောင့် တဖြည်းဖြည်း နစ်မြုပ်၍ အနွယ်ပါ တိမ်ကောတော့မည် အပြုတွင် တစ်ယောက်တလေက ကာနယ်ကြီးကဲ့သို့ပင် အကြံညဏ် လုံ့လဝီရိယနှင့် ပြည့်စုံသူအဖြစ် ပေါ်လာပြန်သဖြင့် အနွယ်အဆက် မပျက်ဘဲ ဆက်လက်တည်တံ့နေပြန်တော့သည်။ ထိုပုဂ္ဂိုလ်မျိုးပေါ်ပေါက်လာတိုင်း ကာနယ်ကြီးအကြောင်းကို သိရှိသူအပေါင်းတို့က "ကာနယ်ကြီးဝင်စားတာနဲ့ပဲ တူတယ်" ဟု ဆိုလေ့ရှိကြလေသည်။

ကာနယ်ပင်းချွန်း၏ အဆက်အနွယ်များအကြောင်းကို အစဉ်တစိုက် ရေးသား၍ ရာဇဝင်ကျမ်းတစ်စောင် ပြုရန် မရည်ရွယ်သော ဤဝတ္ထုရေးသူသည် 'ပင်းချွန်းအနွယ်သမိုင်း' ကို စေ့စေ့စုံစုံ မရေးလိုပါ၊ ရေးလည်း မရေးစွမ်းနိုင်ပါ။ အနွယ်များထဲ၌ အညတရမြောက်မြားစွာ ပါရှိလေရာ သူတို့အတ္ထုပ္ပတ္တိတို့ကို ရေးရန်အကြောင်းရပ်များကို ရှာဖွေဖို့ ခက်ခဲလှတော့သည်။ ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွင်း၌ မှန်အိုကြီးတစ်ချပ်ရှိသည်ဟု ကြားဖူးပါသည်။ ထိုမှန်ကြီးတွင် ကာနယ်ကြီးနှင့်တကွ အားလုံးသော အဆက်အနွယ်တို့၏ ရုပ်ပုံထင်လျက်ရှိသည်ဟု အဆိုရှိ၏။ ဤဝတ္ထုရေးဆရာက ထိုအဆိုကို ယုံကြည်သည်ဟု မဆိုပါ။ အကယ်၍ ထိုအဆိုအတိုင်း ထိုမှန်အိုကြီးကိုသာ ကြည့်ရပါမူ ပင်းချွန်း

mgyoe.com

mgyoe.com


အဆက်အနွယ်များအကြောင်းကို စေ့စေ့စုံစုံရေးသားနိုင်မည်ဟု မျှော်လင့်ရပေသည်။

အယူသီးသူတစ်စုက အစဉ်အလာဆိုခဲ့သည့် အချက်တစ်ရပ်လည်း ရှိပေသေးသည်။ ယင်းသည်ကား ထိုမှန်အိုကြီးကို မက်သယူးမော၏ အဆက်အနွယ်များသာ ကြည့်ပါမူ ကာနယ်ပင်းချွန်းနှင့်တကွ သူ့အဆက်အနွယ်အားလုံးတို့၏ ရုပ်ရည်တို့ကိုသာ တွေ့မြင်ရသည် မဟုတ်ဘဲ သူတို့ပြုခဲ့သမျှ အကုသိုလ်အပေါင်းကိုလည်း မြင်တွေ့နိုင်မည်ဟု ဆိုခြင်းပင်တည်း။

ယင်းသို့ အမျိုးမျိုး စိတ်ကူးကြွယ်၍ ပြောဆိုကြသော အစဉ်အလာစကားတစ်ရပ်တို့မှာ ကာနယ်ကြီးနှင့် စုန်းကဝေအတတ် တတ်သည်ဟု အစွပ်စွဲခံရသော မက်သယူးမောတို့ဖြစ်ထွေကို အဆင်အမျိုးမျိုးနှင့် အဖန်တလဲလဲ ဖော်ပြခြင်းမျှသာ ဖြစ်သည်ဟု ယူဆရပေသည်။ ထိုပင်ရင်းပုဂ္ဂိုလ်ကြီးများ အကြောင်းကို အစဉ်အဆက် မမေ့နိုင်ကြသည်မှာ အကယ်၍ ပင်းချွန်းအနွယ်တစ်ယောက်က ရေကိုငုံ၍ ထွေးလိုက်လျှင်ပင် လမ်းလျှောက်သွားသူတစ်ဦးက "ဟောဟိုမှာ ... ကြည့်စမ်း မက်သယူးမောရဲ့ သွေးကိုသောက်နေတယ်" ဟု ဆိုလေ့ရှိလေသည်။

ကာနယ်ကြီး ကွယ်လွန်ပြီးနောက် နှစ်တစ်ရာခန့်ကြာမှ သူ့အနွယ်တစ်ယောက်လည်း သူကဲ့သို့ပင် သွေးအန်၍ သေဆုံးလေရာ မြို့ပေါ်ရှိလူအပေါင်းက အစဉ်အလာစကားကို သတိရကာ မက်သယူးမော၏ ကျိန်စာသင့်သည်ဟု ဆိုကြလေသည်။ ကာနယ်ကြီး၏ ရုပ်ပုံမှာ သူမကွယ်လွန်မီကပင် ချိတ်ထားသည့်နေရာ၌ ရှိလေရာ သူ့ရုပ်ရည်မှာ ကြမ်းတမ်းခက်ထန်လှသဖြင့် ရုပ်ပုံကို မြင်တွေ့ရသူတိုင်းက ကြောက်အားပို၍ မက်သယူးမော၏ ကျိန်စာကို သတိမရဘဲ မနေနိုင်သည့် အဖြစ်သို့ ရောက်ကြရလေသည်။ ကာနယ်ကြီး၏ ရုပ်ပုံကို ကြည့်ပြီးလျှင် ထို

mgyoe.com

mgyoe.com


ပုဂ္ဂိုလ်ကြီးမှာ အကုသိုလ်ကို ရက်ရက်ရောရောပြုမည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု လူတိုင်းက ဆိုပေလိမ့်မည်။ ထို့ကြောင့်လည်း အယူသီးသူတို့က မက်သယူးမောဓ၏ ဝိညာဉ်မှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ အမြဲတမ်းရှိနေကြောင်း ယုံကြည်ကြလေတော့သည်။

ပင်းချွန်းအဆက်အနွယ်များသည် ချမ်းသာတစ်ချီ၊ ဆင်းရဲတစ်လှည့်နှင့် နှစ်ပေါင်းနှစ်ရာကျော်မျှ နေလာကြရာ သူတို့အားလုံးမှာ များသောအားဖြင့် ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွင်း၌ ထိုမျှကြာရှည်သောကာလအတွင်း၌ အကြီးအကျယ်ပြောင်းလဲခြင်း မရှိဘဲ ခပ်ကုပ်ကုပ်နေထိုင်လာခဲ့ကြသည်ဟု ဆိုရပေမည်။ သူတို့သည် ထိုမြို့ကလေးရှိ မြို့သူမြို့သားအပေါင်းတို့နှင့် မခြားပင် ဗဟုသုတနည်းပါး၍ အမြင်ကျဉ်းမြောင်းသည်နှင့်အမျှ အေးချမ်းစွာ နေလာကြလေသည်။ တစ်ခါတစ်ရံ လူထူးလူဆန်းတစ်ယောက်တလေ ပေါ်ပေါက်လာသော်လည်း ပင်းချွန်းအနွယ်များမှာ ထင်ရှားကျော်စောခြင်း ကင်းမဲ့လှချေသည်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲကြီး ဖြစ်ပေါ်လာသောအခါ ပင်းချွန်းအနွယ်များမှာ အင်္ဂလိပ်ဘုရင်ကို ထောက်ခံသူများဖြစ်ကြသောကြောင့် သူတို့နေအိမ်မှ ထွက်ပြေးကာ တောပိုင်းတွင် ခိုအောင်းနေခဲ့ကြရလေသည်။ နောက်မှ ဘုရင့်သစ္စာတော် စောင့်ထိန်းခြင်းမှာ မှားယွင်းသောအပြုအမူဖြစ်ကြောင်း သိကြရသဖြင့် ဝန်ချတောင်းပန်ပြီးလျှင် ခုနစ်ဆောင်ပြိုင် အိမ်ကြီးသို့ ပြန်၍ နဂိုအတိုင်း နေထိုင်ကြလေသည်။

လွန်ခဲ့သည့် ခုနစ်ဆယ့်ငါးနှစ်လောက်ကပင် ပင်းချွန်းအနွယ်သမိုင်း မှတ်သားဖွယ်ရာ အချက်ဟု ဆိုရလောက်သော အကြောင်းမှာ အနွယ်တစ်ဦးက ရာဇဝတ်ပြစ်မှု ကျူးလွန်လိုက်ခြင်းပင် ဖြစ်ချေသည်။ ထိုလူငယ်မှာ ရာဇဝတ်မှုအတွက် သေဒဏ်ခံရန် ဖြစ်သော်လည်း မျိုးကြီးဆွေကြီးဖြစ်သဖြင့် သေဒဏ်မှလွတ်ကင်းကာ ထောင်တစ်သက်ကျခံစေ

mgyoe.com

mgyoe.com


လေသည်။ ယင်းသို့ အမျိုးဂုဏ်ဖျက်သည့် ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းမှာ ယခုဖော်ပြမည့်ဝတ္ထု မစမီအနှစ်သုံးဆယ်ခန့်က ဖြစ်လေသည်။ ထိုအပြစ်ခံရသူ ပင်းချွန်အနွယ်အား နှစ်ပေါင်းအတော်ကြာခါမှ မည်သည့်အကြောင်းကြောင့်မသိ၊ တစ်ခုခုသော အကြောင်းကြောင့်ပင်လျှင်ထောင်မှလွတ်မြောက်တော့မည်ဟု သတင်းဖြစ်လာရာ ထိုသတင်းကိုကြားရသူအပေါင်းက မယုံချင်သလိုလို ဖြစ်နေကြတော့သည်။

အသတ်ခံရသော ပုဂ္ဂိုလ်ကြီးအကြောင်းကို အကျဉ်းမျှ ဖော်ပြရန်လိုပေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ သားမယားမရှိသော တစ်ကိုယ်တည်းသမား လူပျိုကြီးဖြစ်ရာ သူသည် အားအားရှိတိုင်း သူ့အဆက်အနွယ်များအကြောင်းစဉ်ကို စုံစမ်းရှာဖွေ၍ ဆင်ခြင်သုံးသပ်လေသည်။ ယင်းသို့အနွယ်သမိုင်းကို သုတေသနပြုရာတွင် ကာနယ်ကြီးက မတ်သယူးမောအား စုန်းကဝေအတတ် တတ်သည်ဟူသော စွပ်စွဲချက်ဖြင့် အသက်ဆုံးရှုံးစေပြီးလျှင် မက်သယူးမော၏ မြေနေရာကို မတရားသဖြင့် ယူလိုက်ကြောင်း၊ သေချာစွာ သိရှိလာသောအခါ သူရထားသော အမွေအနှစ်တို့မှာ မသန့်ရှင်းကြောင်း ဆင်ခြင်မိလေသည်။ ထို့ကြောင့် သူကမက်သယူးမော၏ အဆက်အနွယ်များကို ရှာဖွေ၍ ရှေးအစဉ်အဆက်ကမတရားယူထားသော မြေနေရာတွင် ဆောက်ထားသည့် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ပေးလိုက်မည်ဟုဆိုလေရာ ပင်းချွန်အမျိုးအနွယ်အားလုံးကဝိုင်း၍ ဆူပူတားမြစ်လိုက်သောကြောင့် ထိုအကြံအစည်မှာ အထမမြောက်ရတော့ချေ။

ယင်းသို့ ဆွေမျိုးများက ဝိုင်း၍ကန့်ကွက်သော်လည်း အဘိုးကြီးကွယ်လွန်သည့်အခါ သေတမ်းစာရေး၍ မက်သယူးမောအဆက်အနွယ်တို့အား ခုနစ်ဆောင်ပြိုင်အိမ်ကြီးသို့ ပေးရမည်ဆိုလိုက်လျှင် မည်သည့်ဆွေမျိုးကမျှ မတားမြစ်နိုင်ဘဲ ရှိတော့မည်။ သို့ရာတွင် ပင်းချွန်အနွယ်

mgyoe.com

mgyoe.com


များမှာ ကွယ်လွန်လျှင် သက်ဆိုင်သည့်အမွေခံများကိုသာ မိမိတို့အမွေအနှစ်ကို ပေးလေ့ရှိသည့်အတိုင်းပင် ထိုလူပျိုကြီး ကွယ်လွန်သည့်အခါ၌လည်း ထုံးစံအတိုင်း အမွေခံထိုက်သူများကိုသာ ပေးစေရန်သေတမ်းစာ ရေးခဲ့ပေသည်။

ထိုလူပျိုကြီးအား သူ့တူတစ်ယောက်က သတ်လိုက်သဖြင့် ပင်းချွန်းပစ္စည်းဥစ္စာမှန်သမျှကို အမွေဆက်ခံရသူမှာကား အမွေမရမီက အတော်ပင် ဆိုးလေသော လူငယ်တစ်ဦးဖြစ်လေသည်။ အမွေရပြီးသည့်နောက် ထိုဆိုးပေမှာ ချက်ချင်းပင်အနေအထိုင်ပြောင်းလိုက်လေသည်။ ရှေးကကဲ့သို့ အကျင့်စာရိတ္တပျက်ပြားခြင်း မရှိတော့ဘဲ ဂုဏ်သရေရှိပုဂ္ဂိုလ်များနည်းတူ ဣန္ဒြေနှင့်နေလေသည်။ အမှန်ကိုဆိုရသော် သူသည် အခြားအခြားသော ပင်းချွန်းအနွယ်များထက်ပင် ဣန္ဒြေနှင့်နေတတ်သောကြောင့် လူအပေါင်း၏ ကြည်ညိုလေးစားမှုကို ရရှိပေသည်။ နဂိုကတည်းကပင် ဥပဒေပညာ၌ ဝါသနာထုံသည့်အလျောက် လိုက်စားလေရာ သူ့အဆက်အနွယ် အခြေအနေကိုထောက်ထားကာ သူ့အားတရားသူကြီး ရာထူးတစ်ခုပေးအပ်လေသည်။ တရားသူကြီးရာထူး၌ ကြာရှည်အမှုထမ်းသည်ဟု မဆိုသာသော်လည်း 'တရားသူကြီး' ဟူသော ဘွဲ့နာမကို ရာသက်ပန် ခံယူလေသည်။ သူသည် တရားသူကြီးရာထူး၌သာ ဆုံးသည်မဟုတ်ဘဲ ကွန်ဂရက်လွှတ်တော်သို့ နှစ်ကြိမ်တိုင်တိုင် အမတ်အဖြစ် သွား၍ တက်ရသေးသည်။ သူ့ပြည်နယ်၌လည်း ဥပဒေပြုလွှတ်တော်အမတ်အဖြစ် အတန်ကြာဆောင်ရွက်ခဲ့ရသောကြောင့် သူ့အလိုအလျောက် သူ အတော်ပင် ကျော်ကြားခဲ့လေသည်။

တရားသူကြီးပင်းချွန်းမှာ သူ့အဆက်အနွယ်များတွင် ဂုဏ်ရှိသူတစ်ဦးဖြစ်လေသည်။ ငွေကြေးပေါများ၍ ဂုဏ်ကြီးရှင်တို့၏ ထုံးတမ်းအတိုင်း အဆင့်အတန်း၊ အနိမ့်အမြင့် မရွေး ထိုက်တန်သလို ပေါင်း

mgyoe.com

mgyoe.com


သင်း ဆက်ဆံသောကြောင့် သူ့အားလေးစားသူ ပေါများလေသည်။ သူသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ အမြဲမနေဘဲ မြို့နှင့် မိုင်အတော်များများ ဝေးကွာသည့် တောရပ်ဒေသ၌ အိမ်နှင့်ဥယျာဉ်ဝယ်ထားပြီးလျှင် အနားယူချိန်များ၌ ဥယျာဉ်ကောင်းစွာ စိုက်ပျိုးလေ့ရှိသည်။

ပင်းချွန်းအဆက်အနွယ်များမှစ ယခုအခါ၌မူ နည်းပါးလာလေပြီ။ အမျိုးတိုးပွားခြင်း မရှိဘဲ တိမ်ကောပပျောက်ဖို့သာ အကြောင်းလမ်းများနေချေသည်။ ယခု၌မူ ပင်းချွန်းအနွယ်ဟူ၍ တရားသူကြီးနှင့် သူ့သားအပြင် ထောင်ဒဏ်အနှစ် သုံးဆယ်ကျခံနေရသော ဦးလေးသတ်သူနှင့် တရားသူကြီး၏ နှမတစ်ယောက်သာရှိလေတော့သည်။ တရားသူကြီး၏သားမှာ ဥရောပတိုက်သို့ သွားရောက်လည်ပတ်နေလေသည်။ နှမမှာကား ခုနစ်ဆောင်ပြိုင်အိမ်ကြီးတွင် တစ်ဆောင်ရထားသဖြင့် ထိုအဆောင်၌ တစ်သက်ပတ်လုံး နေထိုင်လျက်ရှိလေသည်။ သူ့ခမျာမှာ အပျိုကြီးဖြစ်၍ ငွေကြေးရှားပါးလှချေသည်။ သူ့အစ်ကိုတရားသူကြီးက သူ့အားငွေကြေးထောက်ပံ့မည်ဟု အတန်တန်ပြောသော်လည်း ပင်းချွန်းအနွယ်တို့၌ ရောဂါသဖွယ် စွဲကပ်လျက်ရှိသော မာနကြောင့် ထောက်ပံ့ကြေးကိုလက်မခံဘဲ ဆင်းဆင်းရဲရဲနှင့်ပင် နေရှာလေသည်။ အထောက်အပံ့ လက်မခံလျှင် သူ့အိမ်တွင်လာနေပါဟု တရားသူကြီးက ခေါ်သော်လည်း သူ့နှမမှာ ထိုသို့သွယ်ဝိုက်သောနည်းမျိုးဖြင့် ထောက်ပံ့ခြင်းကိုပင် လက်မခံနိုင်အောင် မာနတရားထားရှိလေသည်။

ပြဆိုခဲ့ပြီးသော ပင်းချွန်း၏ အနွယ်များမှာ အကုန်မဟုတ်သေးချေ။ တရားသူကြီး၏ ဝမ်းကွဲညီအစ်ကိုတော် တစ်ယောက်မှာ မထင်မရှား ကျေးတောသူတစ်ယောက်နှင့် အိမ်ထောင်ကျလေရာ သူတို့မှ ဖွားမြင်သော အသက်ဆယ့်ခုနစ်နှစ်ရှိ တောသူမအပျိုချောကလေးမှာ ပင်းချွန်းအနွယ်တွင် အသက်အငယ်ဆုံးပင်ဖြစ်ပေသည်။ သူ့ဖခင်ကွယ်

mgyoe.com

mgyoe.com


လွှန်သဖြင့် သူ့မိခင်မှာ နောက်အိမ်ထောင်ပြုလိုက်သောကြောင့် သူသည် ပင်းချွန်းအနွယ်များတွင် အငယ်ဆုံးသာမက နောက်ဆုံးဟုပင် ဆိုရပေတော့မည်။

ပင်းချွန်းအနွယ်များအကြောင်းကို ဆိုတန်သလောက် ဆိုခဲ့ပြီးပေပြီ။ ကာနယ်ပင်းချွန်း၏ ရန်ဘက်ကြီး စုန်းအတတ် တတ်သည်ဟု စွပ်စွဲခံရပြီးနောက် အသက်ဆုံးရှုံးရရှာသော မက်သယူးမော၏ အဆက်အနွယ်တို့မှာ မက်သယူးမောကိုယ်တိုင်ကပင် မထင်မရှားသော အညတရ ဖြစ်သည့်အလျောက် ယခုအခါ၌ တိမ်ကောပပျောက်သွားပြီဟု ယူဆရပေမည်။

မက်သယူးမောအား ခရစ်ယာန်ဘာသာနှင့် ဆန့်ကျင်သည့် စုန်းကဝေအတတ် တတ်သည်ဟုစွပ်စွဲ၍ ထိုခေတ်က တရားဥပဒေအရ အဆုံးစီရင်ခြင်း ခံရသဖြင့် သူ့အဆက်အနွယ်တို့မှာ အရှက်ကြီးကြသော်လည်း နဂိုကပင် အညတရများ ဖြစ်သောကြောင့်၊ အကြောင်းမထူးလှချေ။ မက်သယူးမော သေဆုံးပြီးနောက် သူ့သားမြေးတို့မှာ ထိုမြို့၌ပင် လက်လုပ်လက်စားများအဖြစ် ဆက်လက်၍ နေထိုင်သွားကြလေသည်။ မက်သယူးမောတို့ လူစုမှာ စင်စစ်အားဖြင့် ကိုယ့်အလုပ် ကိုယ်လုပ်၍ ဆင်းရဲသားဘာဝ အေးချမ်းစွာ နေထိုင်သူများဖြစ်သည်။ သူတို့သည် သူတို့ဘိုးဘေးဖြစ်သည့် မက်သယူးမောအား ဗိုလ်မှူးကြီးကာနယ်ပင်းချွန်းက မတရားနှိပ်စက်၍ မြေနေရာကို လုယူလိုက်ကြောင်းကို ဖခင်မှသား၊ သားမှ မြေးစသည်ဖြင့် အစဉ်အဆက် အိမ်တွင်း၌ ပြောပြသဖြင့် သိရှိကြသော်လည်း ရန်တုံ့မူခြင်း၊ ကျယ်လောင်စွာ ကန့်ကွက်ပြောဆိုခြင်း မရှိဘဲ ငြိမ်ငြိမ်မပျက် နေထိုင်လာကြပေသည်။ ယင်းသို့လျှင် အေးချမ်းစွာ နေထိုင်လာကြခြင်းကြောင့်ပင်လျှင် သူတို့အဆက်အနွယ်များသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ တည်နေရာမှာ စင်စစ် သူတို့ဘိုးဘေးပိုင်

mgyoe.com

mgyoe.com


မြေနေရာဟူ၍ အမှတ်မပြုကြတော့ချေ။

ယင်းသို့လျှင် မက်သယူးမောရ်၏ အဆက်အနွယ်များမှာ ဆင်းရဲသားဘဝ ရိုးသားအေးဆေးစွာ နေကြသော်လည်း လူအများက သူတို့အား အစဉ်အဆက် စုန်းကဝေအတတ် တတ်လာကြသည်ဟု အောက်မေ့ကာ သူတို့၏မျက်စိမှာ အခြားသူတို့၏ မျက်စိများနှင့်မတူ အကြည့်တစ်မျိုးဖြစ်သည်ဟု ဆိုကြသည်။

ခုနစ်ဆောင်ပြိုင်အိမ်ကြီး တည်ရှိရာလမ်းမှာ ယခင်က မြို့လယ်ကျခဲ့သော်လည်း တဖြည်းဖြည်း လူအစည်ကား နည်းပါးသွားလေတော့ပြီ။ အိမ်ကြီးလည်း နှစ်ပရိစ္ဆေဒရှည်ကြာစွာ တည်နေသော်လည်း ပျက်စီးယိုယွင်းသည်ဟု မဆိုသာသေးချေ။ ထိုအိမ်ကြီး၌ပျော်ရွှင်မှု ပေါင်းစုံဖြစ်ပေါ်ခဲ့လေပြီ။ အိမ်ကြီးမှာ အဝိညာဏကပစ္စည်း ဖြစ်သော်ငြားလည်း အဝိညာဏက သတ္တဝါကဲ့သို့ပင် အိမ်နံရံများပင်လျှင် အိုမင်းဟောင်းမြေ့ခြင်းဖြင့်သာ စိုထိုင်းနေသည်မဟုတ်။ အိမ်၌နေထိုင်သွားကြသော အိမ်ရှင် အစဉ်အဆက်တို့၏ သုခဒုက္ခ အခိုးအငွေ့တို့ဖြင့်လည်း စိုထိုင်းထိုင်းဖြစ်နေသည်ဟူ၍ပင် ဆိုရချေမည်။ အိမ်ကြီးမှာ သာမန်အားဖြင့် သစ်သားကို ဆောက်လုပ်ထားသော အဆောက်အဦကြီး ဖြစ်သော်လည်း လူ့နှလုံးနှင့် တူလှတော့၏။ ဥပမာ အထက်ထပ်ကို လှမ်း၍ကြည့်လိုက်ပါမူ အတွေးနက်နေသော လူတစ်ယောက်ကို ပြေး၍ သတိရနိုင်သော သဏ္ဍာန်အခြေအနေကို တွေ့မြင်နိုင်ပေသည်။

အိမ်ကြီး၏ရှေ့တွင် အကိုင်းအခက်များစည်ပင်၍ အရိပ်အာဝါသကောင်းလှသည့် အမိကရ ဝက်သစ်ချပင်ကြီးမှာ ပထမအိမ်ကြီးရှင် ကာနယ်ပင်းချွန်း၏ မြေးတစ်ယောက်စိုက်သွားသော အပင်ကြီး ဖြစ်သည်။ ယခု ထိုအပင်ကြီးမှာ အနှစ်ရှစ်ဆယ်ကျော် တစ်ရာနီးပါးရှိသော်လည်း သန်မာနုပျိုသော အပင်များနှင့် မခြားလှချေ။ သူကပင် ပို၍

mgyoe.com

mgyoe.com


သန့်မာစည်ကား နေသေးတော့၏။

ထိုသစ်ပင်ကြီးနှင့်တကွ ခုနစ်ဆောင်အိမ်ကြီးသည် ခုံညားတင့်တယ်သော အသွင်ကို ဆောင်လျက်ရှိရာ လွန်ခဲ့သော အနှစ်လေးဆယ်လောက်က အိမ်ရှေ့လမ်းကြားကလေးကို လမ်းမကြီးဖြစ်အောင် ချဲ့လိုက်ပြန်သဖြင့် လမ်းနှင့်အိမ်၊ အိမ်နှင့်သစ်ပင်ကြီးတို့မှာ ပနံသင့်လှပေသည်တကား။

အိမ်နောက်၌ ပန်းဥယျာဉ်တစ်ခု ရှိလေသည်။ ထိုဥယျာဉ်ကြီးမှာ ပထမ၌ အတော်ပင်ကျယ်သော်လည်း တဖြည်းဖြည်း အနီးပတ်ဝန်းကျင်ရှိ အဆောက်အဦများက နေရာယူလာကြသောကြောင့် ကျဉ်း၍ကျဉ်း၍လာလေသည်။

အိမ်ကြီး၏ ခေါင်မိုးအစွန်းများနှင့် ပြတင်းအမိုးတွဲကလေးများအပေါ်၌ တင်၍နေသော ရေညှိတို့အကြောင်းကို ဖော်ပြရပေဦးမည်။ ထိုရေညှိများကား စင်စစ် မိုးရေစိုစွတ်၍ လေနှင့်ထိသဖြင့် ဖြစ်ပေါ်လာသော ရေညှိရိုးရိုးမဟုတ်ပေ။ ပန်းနွယ်ကလေးများမှ ဖြစ်လာသော ရေညှိမျိုး ဖြစ်ပေသည်။ ထိုရေညှိပန်းကလေးတို့ကို 'အယ်လစ်ပိုဆီ' ဟုခေါ်သည်။ အခါတစ်ပါး၌ အယ်လစ်အမည်ရှိသော ပင်းချွန်းအနွယ် အမျိုးသမီးတစ်ဦးက ပိုဆီပန်းနွယ်ကလေးများ စိုက်ပျိုးခဲ့သည်ဟု အဆိုရှိသည်။ ယခု၌ကား အယ်လစ်သည်မြေတွင် အရိုးဆွေး၍ နေရှာလေပြီ။ သို့ရာတွင် သူစိုက်ခဲ့သော ပန်းနွယ်များကား ခေါင်မိုးအစွန်များ၌ စိမ်း၍နေလေသည်။ ယင်းသို့ ပန်းနွယ်များ ရေညှိကဲ့သို့ စိမ်းလန်းနေစေကာ ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ မြင်သူတိုင်းအား စိတ်မချမ်းမြေ့ဖွယ်ရာသာဖြစ်စေသည်။ ဆောင်းတွင်း၌ ညို့မှိုင်း၍ နေသောကြောင့် ဖြစ်တန်ရာ၏ဟုဆိုသူတို့သည် နေသာသည့် နွေကာလ၌လည်း တောက်ပြောင်ကြည်လင်နေသည့်ကြားမှပင် အလွမ်းဓာတ်ငွေ့သက်လျက်ရှိကြောင်း တွေ့ရှိ

mgyoe.com

mgyoe.com


ရပေလိမ့်မည်။

အိမ်ကြီး၏ ပုံပန်းသဏ္ဌာန် အခြေအနေတို့ကို ဖော်ပြရာ၌ အရေးကြီးသော အချက်တစ်ရပ်ကို မဖော်ပြပါက ပြည့်စုံမည်မဟုတ်ချေ။ ယင်းသည်ကား လမ်းဘက် မျက်နှာမူနေသော အဆောင်အောက်ခန်းတစ်ခုမှာ ဆိုင်ခန်းဖြစ်နေခြင်းပင်ဖြစ်သည်။ ထိုဆိုင်ခန်းကြောင့် ပင်းချွန်းအနွယ်မာနသည်တို့မှာ ရှေးလွန်လေပြီးသောကာလက အရှက်ရခဲ့ကြရလေပြီ။ ယခုလည်း ထိုဆိုင်ခန်းကြောင့် လက်ရှိအိမ်ပိုင်ရှင်တို့မှာ ဂုဏ်ငယ်သည်ဟုပင် ထင်ကြလေသည်။

ထိုဆိုင်ခန်းကလေးနှင့်ပတ်သက်၍ ပင်းချွန်းအနွယ်များက လေသံမျှပင် မဟချင်အောင် ဂုဏ်ငယ်သည်ထင်သော်လည်း စာဖတ်သူတို့သိသာရန် ဖော်ပြရပေဦးမည်။ ပင်းချွန်းအနွယ်များတွင် လူတစ်ယောက်မှာ ဂုဏ်ကြီးရှင်တို့၏ ထုံးတမ်းအတိုင်း ဘုရင့်ထံတော်ပါး၌ အခစားဝင်၍သော်လည်းကောင်း၊ ဘုရင်ခံမင်းကြီးအနီးသို့ ချဉ်းကပ်၍သော်လည်းကောင်း ရာထူးရာခံရရှိအောင် မကြိုးစားဘဲ ဆင်းရဲသားတို့လုပ်သည့် အရောင်းအဝယ်အလုပ်ကို ထုံးတမ်းစဉ်လာဖျက်၍ လုပ်လေတော့သည်။ သူသည် အထင်ကရ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ အဆောင်တစ်ဆောင်အရှေ့ပိုင်းကို ဆိုင်ခန်းအဖြစ် ပြုပြင်ပြီးလျှင် အိမ်ဆိုင်ဖွင့်သဖြင့် ပင်းချွန်းအနွယ်များမှာ သူ့အတွက် အရှက်ရကြလေသည်။ သို့ရာတွင် သူ့ကို မတားဆီးနိုင်ကြသဖြင့် ကြည့်၍သာ နေကြရတော့သည်။ သူလည်း ဆိုင်ရောင်းရာ၌ သူတစ်ပါးလက်အောက်ငယ်သားတို့ကို လွှဲမထားဘဲ သူကိုယ်တိုင် ချိန်တွယ်၍ရောင်းကာ ငွေကြေးကို ငွေသေတ္တာထဲသို့ ထည့်လေသည်။ ညနေတိုင်လျှင် တစ်နေ့လုံးရောင်းရသည့် ငွေစာရင်းကိုပိတ်၍ ရသည့်ငွေနှင့် တွက်ချက်ကြည့်လေ့ရှိသည်။

ထိုဆိုင်ရှင်ကြီး ကွယ်လွန်သည်နှင့်တစ်ပြိုင်နက် အရှက်မပြေနိုင်

mgyoe.com

mgyoe.com


ရှာသော ပင်းချွန်းအနွယ်တို့မှာ ဆိုင်ကြီးကို ချက်ချင်းနဂိုအတိုင်း ပိတ်လိုက်ကြလေသည်။ ယင်းသို့လက်ရာမပျက် ဆိုင်ခန်းကိုပိတ်လိုက်သဖြင့် အချို့သောသူတို့က ညဉ့် ဆိုင်ခန်းတံခါးကြားကို ချောင်းကြည့်ပါမူ ကွယ်လွန်သူဆိုင်ရှင်ကြီး စာရင်းတွက်၍ ငွေရေတွက်နေသည်ကို မြင်နိုင်ကြောင်း ပြောကြသည်။ သူတို့အဆိုသာမှန်ပါမူ ကွယ်လွန်သူ ဆိုင်ရှင်ကြီးခမျာမှာ ဆိုင်အပေါ်တွင် သံယောဇဉ်ကြီးလှသည့်အလျောက် မကျွတ်နိုင်ဘဲ အမြဲပင် စာရင်းတွက် ငွေရေနေရချေမည်ပင်။

ထိုတစ္ဆေကြီး၏မျက်နှာမှာ အမြဲတမ်း ညှိုးငယ်နေကြောင်းကိုလည်း မြင်တွေ့ရသည်ဟုဆိုသော သူအပေါင်းကပြောကြသည်ကို ထောက်သော် အထက်တန်းစားအနွယ်တစ်ဦးဖြစ်ပါလျက်နှင့် ဆင်းရဲသားတို့ အလုပ်ဖြစ်သော ကုန်သွယ်ရောင်းဝယ်မှုပြုကာ အဆင့်အတန်းကို တော်လှန်ခဲ့ရှာသော ပင်းချွန်းအနွယ် ဆိုင်ကြီးရှင်ခမျာမှာ ကမ္ဘာချဉ်းအောင် စာရင်းမကိုက်နိုင်ဘဲ နေရှာမည်လောဟု တွေးတောဖွယ် ဖြစ်နေတော့သည်။

အထက်တွင် ဖော်ပြခဲ့သော ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ အတိတ်ရာဇဝင်ကို ဖတ်ရှုပြီးခါမှ စာဖတ်သူအပေါင်းတို့သည် ယခုရေးမည့် ဇာတ်လမ်းအစကို ဖတ်ကြရပေတော့မည်။

❒

mgyoe.com

mgyoe.com

## [၂] ဆိုင်ခန်း ပြတင်းကလေး

မိုးလင်း၍ နေထွက်ဖို့နာရီဝက်မျှသာ လိုတော့သည်။ ဟက်ဇီဘာပင်းချွန်းအမည်ရှိသော မိန်းမကြီး နိုးချိန်တန်ပေပြီ။ သို့ရာတွင် ဟက်ဇီဘာ နိုးလာပြီဟုဆိုလျှင် မှားကောင်းမှားပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမကြီးမှာ တစ်ညလုံးအိပ်သည်ဟူ၍ မရှိလှသဖြင့် မအိပ်ဘဲနှင့် နိုးဖို့ ခက်လှတော့သည်။ တစ်ကိုယ်တည်း အိပ်ရရှာသော အပျိုကြီးခမျာမှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီးတစ်ခုလုံးတွင် တစ်ယောက်တည်း နေရရှာသည်။ သူ့အစ်ကိုနှင့် အခြားဆွေမျိုးသားချင်းတို့ကား အခြားအိမ်များသို့ ပြောင်းရွှေ့နေကြလေသည်။ တစ်ယောက်တည်းနေရသည်ဟု ဆိုခြင်းမှာ စင်စစ်မှား၏။ ပင်းချွန်းအနွယ်အိမ်ကြီးရှင်များဟူ၍ အခြားသူများမရှိ၊ သူတစ်ယောက်တည်းသာ ရှိသည်ဟုဆိုလိုသည်။ အမှန်မှာကား အိမ်ကြီး အဆောင်တစ်ဆောင်ကို ပန်းချီဆရာတစ်ယောက်က ငှားနေသောကြောင့် ထိုခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ပင်းချွန်းအနွယ်အဖြစ် တစ်ယောက်တည်းနေရခြင်းကိုသာ ရည်ညွှန်းပါ၏။

ဟက်ဇီဘာသည် အိပ်ရာမှထ၍ ဘုရားရှိခိုးနေသည်။ သူ့ဘုရားရှိခိုးသံကို မည်သူမျှ မကြားချေ။ ကောင်းကင်ဘုံဝယ် စံမြန်းနေသော ထာဝရဘုရားသခင်သာလျှင် ကြားပေလိမ့်မည်။ သူ့ဘုရားရှိခိုးသံမှာ

mgyoe.com

mgyoe.com


ကား အခြားသူများ၏ ဘုရားရှိခိုးသံတို့ကဲ့သို့ သာယာခြင်းမရှိ၊ သက်ပြင်းချသံကြီးနှင့်သာ တူချေသည်။ တစ်ကိုယ်တည်း တစ်သက်ပတ်လုံးနေရရှာသော ဟက်ဇီဘာခမျာမှာ ဘုရားကို လေးစားသောစိတ် ပြင်းစွာဖြင့် ရှိခိုးကြည်ညိုနေလေသည်။

မိန်းမကြီးသည် ဘုရားရှိခိုးပြီးနောက် ချက်ချင်း အခန်းအပြင်ဘက်သို့ ထွက်မလာသေးဘဲ စားပွဲအံဆွဲများကို တစ်ခုပြီးတစ်ခု ခက်ခက်ခဲခဲဖွင့်ပြီးလျှင် ဘာမျှ ထူးထူးထွေထွေ မလုပ်ဘဲ ကျပ်ကျပ်တည်းတည်းပြန်၍ပိတ်လေသည်။ ထို့နောက် သူသည် သူ့အဝတ်အစားများကို ငုံ့၍ကြည့်ပြီးလျှင် တွန့်လိပ်နေသော အကျီစများကို သပ်၍ချလိုက်လေသည်။ အသက်အရွယ်ကြီးကာမှ ကိုယ်အလှပြင်နေရသေးသလားဟုဆိုချင်လျှင် ဆိုကြပေမည်။ ဟက်ဇီဘာကား သပ်သပ်ရပ်ရပ်နေတတ်သော အလေ့ရှိသူတစ်ဦး ဖြစ်လေသည်။

ဟက်ဇီဘာသည် အခန်းတွင်းမှ ထွက်လာသော်လည်း ရှေ့သို့ချက်ချင်း မလာသေးဘဲ စားပွဲအံဆွဲတစ်ခုကို သော့နှင့်ဖွင့်ပြီးလျှင် သေတ္တာကလေးတစ်လုံးကို ထုတ်၍ သော့နှင့်ဖွင့်ပြန်လေသည်။ သေတ္တာထဲမှ ဓာတ်ပုံငယ်တစ်ခုကို ထုတ်၍ကြည့်နေလေသည်။ ထိုဓာတ်ပုံမှာ လူငယ်တစ်ယောက်၏ပုံ ဖြစ်ရာ ကျွန်ုပ်တို့၏ အပျိုကြီးမှာ အတိတ်ရာဇဝင်က ချစ်သူရှိလေသလောဟု မေးဖွယ်ရှိ၏။ ထိုအမေးကို ချက်ချင်းပင်ပြန်၍ဖြေရလျှင် ဟက်ဇီဘာခမျာမှာ ဘယ်သောအခါကမျှ ချစ်သူရည်းစားဟူ၍ မရှိခဲ့ကြောင်းပင်ဖြစ်သည်။ သူသည် တစ်သက်နှင့်တစ်ကိုယ် အချစ်ဆိုတာ ဘာလဲဟု မသိရှာချေ။ သို့ရာတွင် ... သူသည် ထိုဓာတ်ပုံရှင်အပေါ်၌ မပျက်သောမေတ္တာဖြင့် တစ်သက်လုံး တစ်သမတ်တည်း သံယောဇဉ်ကြိုး ခိုင်မြဲလေသည်။

သူသည် ဓာတ်ပုံကလေးကို ပြန်ထည့်ပြီးနောက် ကြည့်မှန်တစ်ခု

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ရှေ့တွင်ရပ်ကာ မဆည်နိုင်သော မျက်ရည်စကို သုတ်လိုက်လေသည်။ မှန်ထဲ၌ပေါ်နေသော သူ့ရုပ်ရည်ကို တစ်ချက်မျှကြည့်ပြီးနောက် ဟက်ဇီဘာသည် ရှေ့သို့လှမ်း၍ အနှစ်နှစ်အလလက အလင်းရောင်မဝင်ခဲ့ဘဲ အမြဲတမ်းမှောင်၍နေသော စင်္ကြံကလေးမှ လျှောက်လာလေရာ သူ၏ ရှည်သောအရပ်ကို မြင်နိုင်ကြပေလိမ့်မည်။ ပိုးအနက်ဝတ်၍ သေးသိမ်သော ခါးကလေးညွတ်ကာ မှောင်ထဲတွင် စမ်း၍လျှောက်ရင်း လှေကားဆီသို့ ရောက်လာလေသည်။ မျက်စိမှုန်သူတစ်ဦးဖြစ်သည့်အလျောက် လှေကားကို ခြေလှမ်းမှန်းဆ၍ ဆင်းလာခဲ့လေသည်။

မွန်းမတည့်သေးသော်လည်း တည့်ခါနီးဆဲဆဲ ဖြစ်နေသော နေ၏ အရောင်သည် ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ လမ်းဘက်ကအဆောင်ရှိ ပြတင်းပေါက် မှန်တံခါးများမှ ဝင်နေသဖြင့် အဆောင်ကြီးမှာ လင်းထိန်၍ စိတ်ရွှင်စရာ ဖြစ်နေပေသည်။ ပြတင်းမှန်တံခါးချပ်များမှ တိုးဝင်လျက်ရှိသော နေရောင်မှာ အခန်းတွင်း၌ ပြင်ဆင်ထားပုံကို ထင်လင်းစွာ ဖော်ပြလျက်ရှိလေသည်။ အခန်းမှာ အမိုးနိမ့်သော အောက်ဆုံးထပ် အခန်းတစ်ခန်းဖြစ်သည်။ ကြမ်းခင်းမှာ အမျိုးကောင်းကော်ဇောဖြစ်သည် မှန်သော်လည်း ကော်ဇောမှာ အတော်ပင် ဟောင်းနွမ်းနေလေပြီ။ အိမ်ထောင်ပရိဘောဂဟူ၍ စားပွဲနှစ်လုံးနှင့် ကုလားထိုင် ဒါဇင်ဝက်မျှ ရှိလေသည်။ စားပွဲနှစ်လုံးတွင် တစ်လုံးမှာ ကင်းခြေများကဲ့သို့ ရှုပ်ထွေးများပြားလှသော ခြေထောက်များရှိ၍ ကျန်တစ်လုံးမှာ ထမင်းစားပွဲကဲ့သို့ ရှည်လျား၍ သေးသွယ်သော ခြေထောက်လေးချောင်းပေါ်တွင် တည်နေလေသည်။ ကုလားထိုင်များမှာ နောက်မှီမတ်စောက်စောက်ချည်းဖြစ်၍ ထိုင်ရသည်မှာ မသက်သာလှချေ။ ယင်းတို့အနက် တစ်လုံးသာလျှင် လက်တင်ပါ၍ သစ်နက်ဖြင့် လုပ်ထားလေသည်။

အခန်းတွင်း၌ အလှထားသော ပစ္စည်းဟူ၍ကား နှစ်ခုသာရှိ

mgyoe.com

mgyoe.com


သည်။ တစ်ခုမှာ ပင်းချွန်းအနွယ်များ အစဉ်အဆက်ပိုင်လာသော နယ်ပယ်မြေပုံဖြစ်၍ အခြားပစ္စည်းမှာကား ပင်းချွန်းအနွယ်များ၏ ခေါင်းဆောင် ဆားလောင်းတော် ဘိုးလောင်းတော်ဖြစ်သည့် ကာနယ်ပင်းချွန်း၏ ရုပ်ပုံကြီးပင်ဖြစ်သည်။ ကာနယ်ကြီးမှာ ရုပ်ပုံထဲတွင် သံပရာခွံဦးထုပ်ကလေးကို ဆောင်းလျက် သမ္မာကျမ်းစာကို ဖွင့်ဖတ်နေလေသည်။ သူ့မုတ်ဆိတ်နီကြီးမှာ ဇာလည်ကွပ်ပေါ်တွင် ဝဲလျက်ရှိ၏။ ဟက်ဇီဘာသည် ရုပ်ပုံကြီးကို သေချာစွာကြည့်၍ သူ့နဂိုအမဲ့အတိုင်း မဲ့၍နေလေသည်။ သူမျက်မှုန်ကုတ်၍ ကြည့်ခြင်းမှာ အခြားကြောင့်မဟုတ်၊ မျက်စိမှုန်သောကြောင့်ပင် ဖြစ်သည်။ မျက်စိမှုန်သည့်အလျောက် တစ်ခုခု စူးစိုက်၍ ကြည့်ရသောအခါ မျက်မှောင်ကုပ်မှန်းမသိ ကုပ်သွားပြီးလျှင် နှုတ်ခမ်းမှာ မဲ့မှန်းမသိ မဲ့သွားလေတော့သည်။

ဟက်ဇီဘာခမျာမှာ သူ့အမဲ့ကြောင့် အပြစ်ကြီးဖြစ်နေရှာသည်။ သူ့ကို စိတ်သဘောဆိုးသော အဒေါ်ကြီးဟု ဆိုနေကြသည်။ သူ့ခမျာမှာ ယင်းသို့ မဟုတ်ရှာချေ။ သူ့ကိုယ်သူပင် ထိုအမဲ့ကို မုန်းတီးခဲ့၏။ သူသည် မှန်ကြည့်ရင်း သူ့အမဲ့နှင့်ပတ်သက်၍ "ငါ့အရုပ်သိပ်ဆိုးပါလားနော်" ဟု ညည်းညူရှာသည်။ သူ့မျက်နှာကမဲ့သလောက် သူ့သဘောမဆိုးချေ။ သူမျက်မှောင်ကုတ်သလောက် စိတ်မတိုတတ်ချေ။ သူ့ခမျာမှာ ချစ်ခင်ဖော်ရွေတတ်သော သဘောရှိ၏။ သို့သော် သူ့မျက်နှာထားဆိုးသဖြင့် သူ့သဘောရင်းမှာ မပေါ်ထင်ဘဲ သူ့အား လူအများက အထင်မှားကြလေသည်။

ဟက်ဇီဘာသည် လွန်ခဲ့သော အနှစ်တစ်ရာက သူ့အဆက်အနွယ်တစ်ဦးပြုခဲ့သည့် အမှုကို ပြုဖို့ပြင်ဆင်ရှာသည်။ လွန်ခဲ့သော အနှစ်တစ်ရာက ပင်းချွန်းအနွယ်တစ်ဦးသည် သူကောင်းတို့နှင့် လားလားမျှ မထိုက်သည့် ဈေးသည်အလုပ်ကို လုပ်ခဲ့သည်။ ယခုလည်း တစ်သက်

mgyoe.com

mgyoe.com


လုံး တစ်ကိုယ်တည်း နေခဲ့ရရှာသော ငွေကြေးရှားပါးလှသည့် ပင်းချွန်း အနွယ် ဟက်ဇိဘာသည် လမ်းနှင့်မျက်နှာချင်းဆိုင် ခုနစ်ဆောင်ပြိုင် အိမ်ကြီး၏ အောက်ခန်းကလေးကို ရှင်းလင်း၍ ခြောက်ပြားတန်ဆိုင် ကလေးတစ်ဆိုင် ခင်းကျင်းလေသည်။

သူ့အဘိုးတစ်ဦး ခင်းခဲ့သော ဆိုင်ကလေးမှာ ဖော်ပြခဲ့သည့်အတိုင်း ပင် ထိုပုဂ္ဂိုလ်ကြီးကွယ်လွန်ကတည်းက ပိတ်ထားခဲ့ရာ ဟက်ဇိဘာ ငယ် ရွယ်စဉ်က ထိုဆိုင်ခန်းကလေးတွင် ချိန်ခွင်ကလေး၊ ငွေထည့်သည့် အဖုံး ပေါ်က အပေါက်နှင့် သေတ္တာကလေးများကို တွေ့ရလေသေးသည်။

ဟက်ဇိဘာသည် ဆိုင်ခန်းကလေးအတွင်းရှိ အနှစ်နှစ်အလလက ပင့်ကူများ အစဉ်အဆက် အိမ်ဖွဲ့လာသော ပင့်ကူအိမ် အဆိုင်းအဆိုင်း တို့ကို တံမြက်တံရှည်နှင့် လှည်း၍ ရှင်းလင်းခဲ့လေသည်။ ဆိုင်အဆင့် ကလေးများကိုလည်း သုတ်သင်ရှင်းလင်းထား၏။ ချိန်ခွင်ဟောင်း ကလေးမှာ ယခင်ဆိုင်ရှင်ကြီး အမြဲပွတ်တိုက်၍ သုံးစွဲလာသောကြောင့် ပေါင်ကလေးများ ပါးနေပြီဖြစ်သော်လည်း သုံး၍ရပေသေး၏။

ယခုဟက်ဇိဘာ သုတ်သင်ရှင်းလင်းပြီး ခင်းကျင်းထားသော ဆိုင်ကလေးထဲ၌ ကုန်ပစ္စည်း နည်းလှသည်ဟု မဆိုသာချေ။ ဂျုံမှုန့် သေတ္တာတစ်ခု၊ သစ်တော်သီးသေတ္တာတစ်ခု၊ ပြောင်းဆန်သေတ္တာတစ် ခု၊ ထိုသုံးသေတ္တာအပြင် ဆပ်ပြာတုံးများလည်း တစ်သေတ္တာရှိပေသေး သည်။ ဆပ်ပြာသေတ္တာအနီး၌ အမဲဆီဖြင့်လုပ်ထားသော ဖယောင်းတိုင် သေတ္တာလည်း ရှိသည်။ ထိုဖယောင်းတိုင်ကြီးများမှာ ဈေးကြီးလှ၏။ ဆယ်တိုင်လျှင် ပေါင်တစ်ပေါင်နှင့် ရောင်းသည်။ ထိုသို့ဈေးကြီးသော ကုန်ပစ္စည်းများသာ ဟက်ဇိဘာ၏ဆိုင်၌ ရှိသည်ဟု မမှတ်ထင်ကြပါ လင့်။ အဖိုးနည်းနည်းနှင့် အများဝယ်ယူသုံးစွဲ စားသောက်နိုင်သည့် သကြား၊ ပဲဖြူကလေး၊ ကုလားပဲခွံ့ခွာ အစရှိသည့် ပစ္စည်းများလည်း

mgyoe.com

mgyoe.com


ရှိပါသေးသည်။ ထိုမျှမကသေး ကလေးများအကြိုက် သကြားလုံးများနှင့် အရုပ်ပေါင်မုန့်ခြောက်ကလေးများလည်း ထားသေး၏။ သကြားလုံးများမှာ အလုံးချည်းမဟုတ်ဘဲ စစ်သားရုပ်ကလေးများ ယောကျ်ားမိန်းမရုပ်များ၊ ကလေးများ စသည်ဖြင့် ကျောင်းသားကလေးများအဖို့ စားလည်း စားရတယ်၊ ကစားလည်း ကစားရတယ်ဆိုသော သကြားလုံးကလေးများလည်း ရနိုင်ပေသည်။ နောက်ဆုံး ဖော်ပြလိုသည့် ပစ္စည်းတစ်ခုသည်ကား အခြားမဟုတ်၊ မီးခြစ်ထုပ်ကလေးများပင် ဖြစ်သည်။ ယင်းသို့သည် သာမန်မီးခြစ်များ မဟုတ် 'ငရဲမင်းကြီး၏ မီးခြစ်များ' ဟုခေါ်သော ခြစ်၍အလွန်ကောင်းလှသည့် မီးခြစ်များဖြစ်ပါသည်။ မီးတောက် ကောင်းလှသဖြင့် ငရဲမီးဟုပင် အများက ဆိုနေကြလေသည်။

ထိုပစ္စည်းများကို လမ်းနှင့်မျက်နှာချင်းဆိုင် ခုနစ်ဆောင်ပြိုင်အိမ်ကြီး အခန်းကလေးတွင်ထား၍ ဆိုင်ဖွင့်ထားသည့် အဒေါ်ကြီးဟက်ဇီဘာသည် ဘိုးဘေးဖြစ်သည့် ကာနယ်ကြီး၏ ရုပ်ပုံကို ငေးစိုက်ကြည့်နေရာမှ ခြေဖျားထောက်၍ ကြောက်ရွံ့ရိုကျိုးသော အမူအရာနှင့် ရှေ့သို့လျှောက်လာလေသည်။ ယင်းသို့ လျှောက်လာရင်းပင် သူသည် ကြားရသူတို့စိတ်မသက်သာစရာ သက်ပြင်းတစ်ချက် ချလိုက်လေ၏။

ဆိုင်ခန်းကလေးရှေ့တွင် အပေါ်ထပ်မှ အဖီချထားသည်တစ်ကြောင်း၊ ပင်းချွန်းသစ်ချပင်ကြီး၏ အရိပ်ကထိုးနေသည်ကတစ်ကြောင်းတို့ကြောင့် နေရောင် ကောင်းစွာမရချေ။ ဟက်ဇီဘာသည် စိတ်မသက်သာစရာ သက်ပြင်းကြီးကို တစ်ချက်ချပြန်ပြီးသည့်နောက် ဆိုင်ပြတင်းပေါက်မှ လမ်းဘက်သို့ ခေါင်းပြူကာ နဂိုအတိုင်း မျက်မှောင်ကြီးကုပ်၍ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် အဆင့်များပေါ်၌ တင်ထားသော ကလေးကစားစရာများကို စီစဉ်နေလေသည်။ ဤအပျိုကြီးကဲ့သို့ မျက်နှာထား

mgyoe.com

mgyoe.com


တည်တည်ကြီးနှင့် မိန်းမကြီးတစ်ယောက်က ကလေးကစားစရာများကို ကိုင်တွယ်နေသည်မှာ စင်စစ်အားဖြင့် ကြည့်၍မကောင်းလှပါ။ ကလေးနှင့် မနီးစပ်သဖြင့် ကလေးကစားစရာကိုင်နေသည်ကို မြင်ရသောအခါ မြင်သူတို့ အံ့ဩကြပေလိမ့်မည်။ သို့ရာတွင် ဟက်ဇီဘာသည် အပျိုကြီးအဖြစ်နှင့်လည်း ကလေးကစားစရာတို့ကို ကိုင်နေသည်မဟုတ်၊ ကလေးနှင့် နီးစပ်သည့် ပုဂ္ဂိုလ်အဖြစ်မျိုးနှင့်လည်း ကိုင်တွယ်နေသည်မဟုတ်၊ သူသည် ဆိုင်ရှင်တစ်ယောက်အနေဖြင့် ဆိုင်ကို ကြည့်၍ကောင်းအောင်၊ ကလေးတို့ မျက်စိကျအောင် ပြင်ဆင်နေခြင်းမျှသာ ဖြစ်ချေသည်။ သူသည် ဆင်ရုပ်ပေါင်မုန့်ခြောက်ကလေးကို ပြတင်းပေါက်ရှေ့တည့်တည့်တွင် ချထားရာ၌ အနီးရှိ ကျောက်ဒိုးလုံးကလေးများ ကြမ်းပေါ်တွင် ကစဉ့်ကလျား ပြန့်ကျဲသွားလေသည်။ သူသည် တကုန်းကုန်း တကွကွနှင့် ကျောက်ဒိုးလုံးကလေးများကို ရှာဖွေသိမ်းယူစဉ် သူ့ဖြစ်ထွေမှာ ရယ်စရာထက် သနားစရာ ငိုစရာဖြစ်နေတော့သည်။ သူ့ခများမှာ မျိုးရိုးစဉ်ဆက်က သူကောင်းဖြစ်လာပါလျက်နှင့် ယခု သူ့လက်ထက်ကျခါမှ ငွေကြေးရှားပါး၍ သက်မွေးဝမ်းကျောင်းအတွက် မနေသာသောကြောင့် အမျိုးဂုဏ်ကို မငဲ့နိုင်တော့ဘဲ အရဲစွန့်ကာ မလုပ်တတ်သည့် အလုပ်ကို မလုပ်တတ်လုပ်တတ်နှင့် လုပ်ရရှာလေသည်။

ယခုခေတ်၌ သူကောင်းသော–ဆင်းရဲသားသော ငွေကြေးခနမရှိလျှင် ဝမ်းရေးအတွက် ကြိုးပမ်းရမည်သာဖြစ်သောကြောင့် မျိုးရိုးစဉ်ဆက်က မြေပိုင်ရှင်ငွေကြေးခနပြည့်ဝသည့် လူကုံထံဖြစ်ပါလျက်နှင့် အသက်အရွယ်ကြီးတောင့်ကြီးမား ဖြစ်ခါမှ ဝမ်းရေးအတွက် အကြံကုန်၍ ဂဠုန်ဆားချက်ရမှာ သေချာလေတော့သည်။

ငွေကြေးခန လျော့ပါး၍ ဆင်းရဲမှန်းမသိ ဆင်းရဲသွားရှာသော ခနရှင်မိန်းမများအဖို့ ဝမ်းရေးအတွက် ရှာဖွေရန် စိတ်ကူးလိုက်လျှင်

mgyoe.com

mgyoe.com


ဆိုင်ရောင်းရန်သာပေါ်လာပေမည်။ ယောကျ်ားတို့ကဲ့သို့ အခြားအခြားသော အလုပ်များကို လုပ်၍မဖြစ်နိုင်ချေ။ ဟက်ဇီဘာကဲ့သို့ တစ်သက်လုံး ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့ရသူအဖို့ အပ်ချုပ်သမလုပ်ဖို့လည်း သူ့နုနယ်သေးသွယ်လှသော လက်ချောင်းကလေး ပေါက်ရုံသာ ရှိချေမည်။ ဇာထိုးပန်းထိုးအတတ်ကို အသင့်အတန် သင်ကြားတတ်မြောက်သော်ငြားလည်း အသက်အရွယ်ကြီး၍ အပ်ပေါက်ကိုမျှ မမြင်နိုင်စွမ်းသည့်အပြင်၊ ယခုခေတ်အဆင်ဆန်းများကို ခေတ်မီအောင် မထိုးနိုင်သဖြင့် ထိုအလုပ်မျိုးနှင့် အသက်မွေးလျှင် ငတ်၍သာ သေချေမည်။ ကျောင်းဆရာမ,လုပ်ရန်လည်း ပညာကို ငယ်စဉ်က ဟုတ္တိပတ္တိ မသင်ခဲ့ဖူးသည်သာမက တစ်သက်လုံးပင် ကလေးများနှင့် မနီးစပ်ခဲ့သဖြင့် ကလေးများကို ချစ်ခင်ရမှန်း ကောင်းစွာ မသိခဲ့ချေ။ ယင်းသို့လျှင် မိန်းမများ လုပ်နိုင်သည့် အလုပ်တို့ကို စိတ်တွင်သုံးသပ်၍ ရွေးချယ်ဖို့ အခက်ကြုံနေရာမှ မည်သည့်အတတ်ပညာမျှ မလိုဘဲ လူပြိန်းတို့လည်း လုပ်နိုင်သည့် ဆိုင်ရောင်းခြင်းအလုပ်ကိုလုပ်ရန် နောက်ဆုံး၌ ပိုင်းဖြတ်လိုက်ရရှာလေသည်။

တစ်သက်လုံးက လူအများနှင့် မဆက်ဆံဖူးဘဲ ခုနစ်ဆောင်ပြိုင်အိမ်ကြီးတွင် ဧကစာကျင့်လာခဲ့သော ဟက်ဇီဘာသည် လူသူမရွေး ဆက်ဆံရမည့် ဈေးသည်အလုပ်ကို လုပ်ပါတော့မည်ဟု ပိုင်းဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရင်တုန်လာလေသည်။ လူကိုကြောက်သောအိမ်တွင်းပုန်းက လူအမျိုးမျိုးကို ဖော်ရွေစွာလက်ခံ၍ ဈေးရောင်းရမည်ဖြစ်ရာ ဟက်ဇီဘာသည် ပိုင်းဖြတ်ပြီးခါမှ စိတ်စနောင့်စနင်းဖြစ်ကာ မလုပ်တော့ပါဘူးဟု ဝေ့လည်လည် ဖြစ်သွားသေး၏။ သို့ရာတွင် မဖော်ပြနိုင်သော အကြောင်းတစ်ချက်ကြောင့် သူ့ခမျာမှာ ဆိုင်ရောင်းဖို့ အမြန်ဆုံး ဆုံးဖြတ်လိုက်ရရှာသည်။

mgyoe.com

mgyoe.com


ဈေးသည်ဟုသာဆိုရသည်။ သူ့ခများ လူမြင်မှာ စိုးရှက်လှတော့သည်။ ဆိုင်ခင်းနေခိုက်ပင် မကြာခဏ ဆိုင်ပြတင်းပေါက်မှနေ၍ ခေါင်းပြူကာ လမ်းဘက်သို့ တစ်ချက်တစ်ချက် လှမ်းကြည့်ရသေး၏။ မတော်တဆ လူမသမာ လူနောက်လူပြောင်တို့က သူဆိုင်ခင်းနေသည်ကို ချောင်းမြောင်းကြည့်နေရော့သလားဟု စိုးရိမ်သောကြောင့် လှမ်းကြည့်ခြင်းဖြစ်၏။ ယင်းသို့ ရှက်ကြောက်နေသော်လည်း ဈေးသည်ဖြစ်နေကမင့်လူသူအမြင်ခံ၍ ဈေးရောင်းရတော့မည်ဆိုသည့် အချက်ကိုလည်း သတိမမူမိပေသည်။ သို့ရာတွင် အထင်ခံအမြင်ခံ ဈေးရောင်းခါမှ ရောင်းတော့မည်။ လူနောက်လူပြောင်တို့က သူကြောင်တက်တက်နှင့် ဆိုင်ခင်းနေသည်ကို ချောင်းကြည့်မည်ကိုကား စိုးလှတော့၏။

ဆိုင်ဖွင့်ရန်အချိန် ရောက်လာလေပြီ။ တစ်မြို့လုံးလည်း နိုးကြပြီ။ ပေါင်မုန့်သည် လှည်းလည်း သွားလေပြီ။ နွားနို့ရောင်းသမားလည်း သူ့နို့ဘူးများကို မှာထားသော အိမ်များသို့ ပို့နေလေပြီ။ ငါးသည်လည်း သံသေးသံကြောင်နှင့် ဟစ်အော်ရောင်းချနေလေပြီ။ ထိုအကြောင်းအချက်များကို ဟက်ဇီဘာ သတိမမူမိရကား ဆိုင်ဖွင့်ချိန်တန်ပြီဟု မှတ်ထင်မိလေတော့သည်။ ဆိုင်မဖွင့်သေးဘဲထားလျှင် သူသည် အတွေးကို အဖော်ပြုကာ စိတ်ဆင်းရဲနေတော့မည်။ ဆိုင်ဖွင့်လိုက်၍ လူသူလေးပါးနှင့် တွေ့လိုက်ရလျှင် စိတ်ပြေလက်ပျောက်ဆိုသလို နေသာထိုင်သာ ရှိချေဦးမည်။ ထို့ကြောင့် ဟက်ဇီဘာသည် ဆိုင်ရှေ့တံခါးကို ဖွင့်လိုက်လေသည်။ ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ဘိုးစဉ်ဘောင်ဆက်က ထားရှိလာသော လက်တင်နှင့် ကုလားထိုင်နက်ကြီး ရှိရာသို့ ပြေးသွားပြီးနောက် သူ့ကိုယ်ကို ကုလားထိုင်နက်ပေါ်သို့ ပစ်လှဲကာ ချုံးပွဲချ၍ ငိုရှာလေသတည်း။

ဟက်ဇီဘာခများလည်း သနားစရာပင် အသက်ခြောက်ဆယ်အထိ

mgyoe.com

mgyoe.com


အသက်မွေးဝမ်းကျောင်း မပြုခဲ့ရပါဘဲလျက် ကြီးတောင့်ကြီးမား ငွေကြေး ရှားပါးလွန်း၍ ကြံမိကြံရာကို ကြံရရှာသည်။ သူ့ခမျာ သူကောင်းနွယ် ဖြစ်သည့်အလျောက် နုနယ်စွာ နေလာခဲ့သဖြင့် သူ့ရုပ်ရည်မှာ မဆိုးလှ သော်လည်း မျက်စိမှုန်သောကြောင့်တစ်ကြောင်း၊ လူသူလေးပါးနှင့် အတွေ့အကြုံနည်းပါးသောကြောင့်တစ်ကြောင်း ထိုထိုသောအကြောင်း များကြောင့် မျက်မှောင်ကြီးကုပ်ကာ အရုပ်ဆိုးမကြီးဘဝသို့ ရောက်ရရှာ လေသည်။ သူသည် သူကောင်းဘဝမှသည် ဈေးသည်မကြီးဘဝသို့ ရောက်ရသောကြောင့် ဦးခေါင်းတွင် ခေါင်းပေါင်းကြီးပတ်ကာ ဝယ်သူ အလာကို စောင့်နေရှာလေသည်။ သူ့အဖြစ်သနစ်ကို မြင်တွေ့ရသူတိုင်း မှာ သနားစိတ်ပိုကြပေမည် ဧကန်ပင်။ လောကဓံတရား၏ဒဏ်ကို လူ တိုင်းခံရသည့်အလျောက် ကံစီမံသမျှ ပြုကြရသည်ဆိုသည့် အကြောင်း ကို ဆင်ခြင်သုံးသပ်ကာ သံဝေဂတရား ဖြစ်ရမည်ပင်တည်း။

❐

mgyoe.com

mgyoe.com

## [ ၃ ] ဈေးဦးဖောက်သူ

ဟက်ဇီဘာခများမှာ သူ့ကံကြမ္မာကို ဆင်ခြင်သုံးသပ်ကာ ဝမ်းအနည်းကြီး နည်းသဖြင့် ချုံးပွဲချငိုနေစဉ် ဆိုင်ရှေ့တံခါးမှ ညှင်သည်လာ ခေါင်းလောင်း ကလေး တတင်တင်မြည်လေသည်။ ခေါင်းလောင်းသံကလေးမှာ ငိုနေ သော အပျိုကြီးအား ကြောက်အားပိုစေသည်။ ဈေးဝယ်သူ ရောက်နေမင့် လား၊ ပထမဦးစွာ ဝယ်ယူဈေးဦးဖောက်သူ ရောက်လာပြီဟူသော အချက်သည် ဈေးသည်လက်သစ် ခြောက်ဆယ်ရွယ် အဒေါ်ကြီး၏ အူအသည်းများ တုန်စေတော့သည်။

သူသည် နဂိုအတိုင်း မျက်နှာဆိုးကြီးနှင့် တံခါးဘက်သို့လှည့် လာရာ သာမန်ဈေးဝယ်သူတစ်ဦးသာဆိုလျှင် လန့်၍လှည့်ပြေးကောင်း ပြေးပေလိမ့်မည်။ ယခုဈေးဝယ်သူကား သာမန်ပုဂ္ဂိုလ် မဟုတ်သည့် အလျောက် တံခါးဝ၌ စောင့်နေလေသည်။ ထိုသူသည် အသက်နှစ်ဆယ့် တစ်နှစ် နှစ်နှစ်ခန့်ရှိသော လူခပ်ပိန်ပိန်ဖြစ်သော်လည်း မျက်နှာထားမှာ ဟက်ဇီဘာကဲ့သို့ ဆိုးသည်ဟုမဆိုသာသော်လည်း တည်ကြည်လှသည် ဟု ဆိုရပေမည်။ သူ့မုတ်ဆိတ်မှာ နုပျိုငယ်သူ ဖြစ်သည့်အလျောက် ပိုးနီကြိုးကလေးများကဲ့သို့ နူးညံ့လှပေသည်။ နဖူးခပ်မောက်မောက်၊ အသားခပ်လတ်လတ်နှင့် နှုတ်ခမ်းမွေးစကလေး ခပ်တိုတိုရှိသဖြင့်

mgyoe.com

mgyoe.com


ကြည့်၍အတော်အဆင်ပြေပေသည်။ အဝတ်အစားမှာကား သာမန်လူတို့၏ အဝတ်အစားမျိုးဖြစ်သည်။ ဦးခေါင်းထက်၌ ကောက်ရိုးဦးထုပ်ဆောင်းလျက်ရှိ၏။ သူ့အင်္ကျီမှာ ဖြူနုနုအရောင်ရှိသဖြင့် အတော်ပင်သပ်ရပ်သောအသွင် ရှိလေသည်။

ထိုပုဂ္ဂိုလ်သည် ဟက်ဇီဘာ၏ မျက်နှာထားဆိုးကြီးကို ရဲဝံ့စွာမျက်နှာမူ၍ နှုတ်ဆက်လိုက်လေသည်။ "ဘယ့်နှယ်လဲ မစ္စဟက်ဇီဘာရဲ့... အတော်အဆင်ပြေရဲ့မဟုတ်လား ...။ ခင်ဗျားအခုလို အလုပ်တစ်ခုခုကို ကျကျနနလုပ်တာ တွေ့ရတော့ ဝမ်းမြောက်ပါတယ်ဗျာ။ ကျွန်တော်ဝင်လာတာကတော့ အဲဒီဝမ်းသာစကားကလေးနဲ့ နှုတ်ဆက်မလို့ပါပဲ" ဟု ပန်းချီဆရာလေးက နှုတ်ဆက်လိုက်လေသည်။

လောက၌ လူတို့သည် ရက်စက်မှုကို ခံနိုင်ရည်ရှိကြသော်လည်း သူတစ်ပါးက ကိုယ့်ကို သနားသည်ဟု ဆိုလိုက်လျှင် ဝမ်းထဲတွင် လှိုက်လှိုက်လှဲလှဲဖြစ်ကာ ချုပ်တည်း၍မရအောင် ငိုကြွေးမိတတ်ချေသည်။ ထိုမေတ္တာတရားကို ဟက်ဇီဘာလည်း မခံနိုင်သဖြင့် ပန်းချီဆရာလေးက မေတ္တာတရားရှေ့ထား၍ ကရုဏာပွားသောစကား ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဖြေမဆည်နိုင် ဖြစ်ရရှာတော့သည်။

သူသည် မျက်ရည်များကြားထဲမှ ပြုံးမဲ့မဲ့ကြီးလုပ်ကာ "ကျွန်မဖြင့်သိပ်ရှက်တာပဲ မစ္စတာမောဂရေးရယ် ...။ ကျွန်မဘိုးဘေးတွေကတော့သင်္ချိုင်းထဲကနေပြီး ကျိန်ဆဲကြတော့မှာပါပဲ။ ကျွန်မဖြင့် သူတို့တစ်တွေနဲ့အတူရောပြီးသာ သေလိုက်ချင်တော့တာပါပဲရှင်။ လောကကြီးဟာ တယ်ခက်ပါကလားနော်၊ ဒုက္ခသိပ်ရောက်တာပဲ ...၊ ကျွန်မလည်း ... အသက်ကြီးပြီ၊ အင်အားလည်း သိပ်မရှိတော့ဘူး" ဟုအပျိုကြီးဆန်ဆန် ပြန်ပြောလိုက်လေသည်။

"အိုဗျာ ... ဒီလိုစိတ်မျိုးတွေကို ဖျောက်ပစ်လိုက်စမ်းပါ။ တော်

mgyoe.com

mgyoe.com


တော်ကြာ အရောင်းအဝယ်မှာ စိတ်ဝင်စားလာတဲ့အခါ ဒီစိတ်မျိုးတွေ ပျောက်ကုန်မှာပါဗျာ။ စိတ်သာချပါ။ တစ်ခါတလေတော့လည်း ဒီလိုပဲ သောကဖြစ်ဦးမှာပေါ့။ ခင်ဗျားကလည်း တစ်သက်လုံး လူသူနဲ့ နီးစပ်ခဲ့တာ မဟုတ်တော့ လူတွေကို အစိမ်းလိုက်ကိုက်စားတတ်တဲ့ သရဲသဘက်ကြီးတွေလို အောက်မေ့ချင်လည်း အောက်မေ့မှာပေါ့လေ"

"ကျွန်မဟာ မိန်းမသားပါ။ ရှေးကအဖြစ်အပျက်တွေကို တွေးမိတိုင်း ရှိုက်ကြီးတငင် ငိုမိပါတော့တယ်"

"အို ... ရှေးကအဖြစ်တွေကို စဉ်းစားပြီး စိတ်ဒုက္ခရောက်မနေပါနဲ့တော့ဗျာ။ ဒီနေ့ကစပြီး ခင်ဗျားအဖို့ တစ်ဖြစ်လဲတယ်ပဲ သဘောထားလိုက်ပါ။ မကြာခင် ခင်ဗျား ကျန်းကျန်းမာမာ ဖြစ်လာလိမ့်မယ်။ စိတ်ပျော်ရွှင် ပေါ့ပါးလာလိမ့်မယ်။ လူ့ဘဝမှာ ကြုံတွေ့ရတဲ့ လောကဓံတရားကို တိုက်ခိုက်နိုင်တဲ့ အင်အားမျိုး ဖြစ်လာပါလိမ့်မယ်။ အဲဒါဟာ အောင်မြင်ခြင်း တစ်ရပ်ပေါ့ဗျာ"

"ဒါကတော့ ... ရှင်တို့လို လူမျိုးအဖို့ ခံနိုင်ရည်ရှိပေမှာပေါ့။ ရှင်က ယောကျ်ားပေကိုး၊ ကျွန်မကတော့ သူကောင်းမျိုးမှာလာမွေးတဲ့ မိန်းမသားဆိုတော့ ဒီလိုခံနိုင်ရည်မျိုး ဘယ်မှာ ရှိနိုင်မှာတဲ့လဲ"

"ကျွန်တော်ကတော့ သူကောင်းမျိုးမဟုတ်ပါဘူး၊ ဆင်းရဲသားမျိုးပါပဲ။ ဒါပေမဲ့ အခုအခါမှာ သူကောင်းမျိုး၊ ဆင်းရဲသားမျိုး ခွဲခြားလို့ မဖြစ်တော့ဘူး၊ သူကောင်းဆိုတာ အဓိပ္ပာယ်မထွက်တော့တဲ့ စကားလုံးဖြစ်နေပြီဗျ။ အရင်တုန်းကလို သူကောင်းမို့ အခွင့်ကောင်းတွေ ရလိမ့်မယ် မမျှော်လင့်နဲ့တော့"

"အို ... ရှင်ပြောနေတာတွေ အခုမှပေါ်တဲ့ ရွှေကြာပင် အယူအဆမျိုးပါ။ ကျွန်မဖြင့် ဒီအယူအဆတွေကို နားလည်းမလည်ဘူး၊ လည်လည်း မလည်ချင်ဘူးရှင်"

mgyoe.com

mgyoe.com


"ကဲ ... ကဲ ... ဒီစကားတွေ ဒီမှာရပ်ကြပါစို့ဗျာ။ ခင်ဗျားတို့ ပင်းချွန်းမျိုးဟာ တကယ်တမ်း သတ္တိရှိတယ်ဆိုရင် ခင်ဗျားတစ်နေ့က ပြောခဲ့တဲ့ မက်သယူးမောရဲ့ ကျိန်စာကို ဘာဂရုစိုက်နေစရာလိုသလဲ"

"အို ... ဒီလို ဘယ်ဟုတ်ပါ့မလဲ။ ကျိန်စာဆိုတာ သင့်ချင်သင့်နိုင်တာမျိုးပဲလေ။ အခုလို ကျွန်မ ဈေးရောင်းနေရတာလည်း တစ်နည်းအားဖြင့် ကျိန်စာသင့်လို့ ဆိုရမှာပေါ့။ ကဲ ... ကဲ ... ရှင်လာပြီး နှုတ်ဆက်တာ ကျေးဇူးတင်ပါတယ် ...။ ကျွန်မလည်း ပေါက်တဲ့နဖူးမထူးဘူးဆိုသလို ဈေးသည်ဖြစ်ပြီဟာ ဈေးသည်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်"

"ကောင်းပါတယ်ဗျာ ... ဒီလိုဆိုရင် ကျွန်တော်ကစပြီး ဈေးဦးဖောက်စမ်းပါရစေ။ ကျွန်တော်အခု ပင်လယ်ဘက် လမ်းလျှောက်မလို့ ပင်လယ်ရေစိမ်ပြီး စားလို့ရတဲ့ ဘီစကွတ်လေးတွေ နည်းနည်းရောင်းစမ်းပါ"

"ကျွန်မ ဈေးသည်အဖြစ် မနေသေးဘဲ သူကောင်းတစ်ဦးအနေပဲ ခဏကလေး နေလိုက်စမ်းပါရစေ ..." ဟုဆိုကာ ဟက်ဇီဘာသည် ခံ့ညားသော အမူအရာနှင့် ဘီစကွတ်များကိုယူ၍ မောဂရေ့အား ပေးလိုက်ရင်းပင် "ပင်းချွန်းအမျိုးက မိတ်ဆွေဆီက ပိုက်ဆံကို မယူဘူးတော်ရေ့ ..." ဟု ဆိုလိုက်လေသည်။

မောဂရေ့ထွက်သွားပြီးနောက် ဟက်ဇီဘာသည် လမ်းဘက်သို့ ငေးကြည့်နေစဉ် အလုပ်သမားနှစ်ယောက်ကို လမ်းပေါ်တွင် မြင်ရလေသည်။ အလုပ်သမားများကလည်း ခုနစ်ဆောင်ပြိုင်အိမ်ကြီးတွင် ဆိုင်ကလေး ဖွင့်ထားသည်ကို မြင်လိုက်ကြသဖြင့် သူတို့အချင်းချင်း "ဟော့ ကြည့်စမ်း၊ ပင်းချွန်းလမ်းမှာ ဆိုင်ကလေး ဖွင့်ထားပါလားဟေ့" ဟုတစ်ယောက်က စ၍ပြောလိုက်ရာ ကျန်တစ်ယောက်က "အေးဟေ့ ... ထူးထူး

mgyoe.com

mgyoe.com


ဆန်းဆန်းပါလား။ ပင်းချွန်းသစ်ချပင်ကြီးအောက်မှာ ပင်းချွန်းအပျိုကြီး က ခြောက်ပြားဆိုင်ကလေးဖွင့်လို့ပါလား"ဟု ဆိုလေသည်။

"ဟေ့ ... ဒစ်ဆီ ...၊ ဒီမိန်းမကြီး ဈေးရောင်းလို့ ... ဖြစ်ပါ့မလား ကွ"

"ဘယ်ဖြစ်မလဲကွာ၊ သူ့လိုမျက်နှာထားဆိုးကြီးနဲ့ ဘယ်သူလာဝယ် ချင်ဦးမှာတဲ့လဲ"

"ဒီလိုလည်း မဟုတ်သေးပါဘူးကွာ ...။ စိတ်တိုတဲ့လူတွေ အ ရောင်းအဝယ်ဖြစ်တာ အများကြီးရှိသားပဲ၊ ... ဒါပေမဲ့ ခြောက်ပြားဆိုင် ကလေးတွေဟာ မြို့ပေါ်မှာ မှိုလိုပေါက်နေတာကလား။ ငါ့မိန်းမတော့ ခြောက်ပြားဆိုင်ကလေးတစ်ဆိုင်ဖွင့်လိုက်တာ အရင်းငါးဒေါ်လာပြုတ် သွားပါရောလားကွာ"

"ပြုတ်မှာပေါ့ကွ၊ ရောင်းမှ မရောင်းရတဲ့ဟာမျိုးပဲကိုး"

ထိုစကားအချေအတင်ကို ကြားလိုက်ရသောအခါ အပျိုကြီး ဟက် ဇီဘာမှာ စိတ်ထိခိုက် သွားလေတော့သည်။ ပြောဆိုသွားသော အလုပ် သမားများကား အမှတ်တမဲ့ ပြောဆိုကြလေသည်။ လမ်းအကွေ့လောက် တွင် သူနှင့် သူ့ဆိုင်ကလေးအကြောင်းကို သူတို့ မေ့သွားချေမည် ဧကန် ပင်။ သို့သော် သူတို့စကားများမှာ ဟက်ဇီဘာ၏နားတွင် စွဲကျန်ခဲ့လေ တော့၏။ အလုပ်သမားတစ်ယောက်၏မိန်းမ ခြောက်ပြားဆိုင် ထောင် လိုက်သည်မှာ ငါးဒေါ်လာ အရင်းဆုံးသည်သာ အဖတ်တင်ခဲ့၏။ ထိုသို့ ဆင်းရဲသား မယားမှပင် ငါးဒေါ်လာဆုံးသေးလျှင် သူ့လိုအရောင်းအဝယ် ကျင်လည်ဖို့ဝေးစွ၊ လူသူနှင့်ပင် မနီးစပ်သော သူကောင်းနွယ်တစ်ဦးအဖို့ ရှုံးပြီးရင်းသာ ရှုံးချေမည်ဧကန်ပင်။ သူတို့ပြောသည့်အတိုင်း ခြောက်ပြား ဆိုင်ကလေးများမှာ မြို့ပေါ်တွင် မှိုလိုပေါက်နေတော့၏။ ဟက်ဇီဘာ သည် စိတ်ထဲတွင် သူ့အေးနား၌ ဆိုင်ကလေးများ၊ မုင်စာကလေးများ

mgyoe.com

mgyoe.com


ခြေထောက်ကြား၌ ပွနေအောင် ဝိုင်းနေသကဲ့သို့ ပွနေလေတော့သည်။ ယင်းသို့ မှိုလိုပေါက်နေသော ဆိုင်ကလေးများကြားတွင် သူ့ဆိုင်က ဘာမို့ ထူးထူးခြားခြား ရောင်းရပါမည်နည်း။

ယင်းသို့စိတ်ကူးနှင့် ရင်ဖိုနေခိုက်တွင် ထိတ်လန့်စရာ ရင်ဖိုစရာကလေး ဖြစ်ပေါ်လာပြန်တော့သည်။ ဆိုင်ရှေ့တံခါးမှ ဗြည့်သည်လာ ခေါင်းလောင်းကလေး မြည်လာပြန်သည်။ သူလည်း တံခါးဘက်သို့ လှည့်ကြည့်လိုက်ရာ တံခါးကို ခွန်အားစိုက်၍ ဖွင့်ကာ ဆိုင်ထဲသို့ဝင်ရန် ကြိုးစားနေသော ပါးနီနီနှင့် ပုပျပ်ပျပ် သူငယ်ကလေးကို တွေ့ရလေသည်။ သူငယ်ကလေးမှာ သူ့အရပ်နှင့် ညီမျှခမန်း ရှည်လျားသော လွယ်အိတ်ကိုလွယ်၍ လက်တစ်ဖက်က ကျောက်သင်ပုန်းကိုင်လျက်ရှိသည်။ သူငယ်ကလေးမှာ ကျောင်းအသွားတွင် ဟက်ဇီဘာ၏ဆိုင်ကို မျက်စိကျ၍ ဝင်လာခြင်းဖြစ်ကြောင်း ထင်ရှားလှပေသည်။

"ကလေး၊ မင်းဘာလိုချင်လို့ လာတာလဲ" ဟု အဒေါ်ကြီးက မေးလိုက်ရာ ကလေးက လက်တစ်ဖက်တွင် ဆုပ်ကိုင်ထားသော ပဲစေ့ကလေးကိုကမ်းရင်း "ဟို ... ကျီးကန်းရုပ်ပေါင်မုန့်ကို လိုချင်တယ်။ ခြေထောက်ကျိုးနေတာမဟုတ်ဘူး၊ ဒီဟာ ..." ဟု ပြတင်းပေါက်တည့်တည့်တွင် တင်ထားသော ပေါင်မုန့်ခြောက်ကို လက်ညှိုးညွှန်၍ပြောလေသည်။

အဒေါ်ကြီးလည်း ကလေးလိုချင်သည့် အရုပ်မုန့်ကိုယူ၍ပေးရင်း "နေပါစေ၊ မင်းပိုက်ဆံကို ငါမယူပါဘူး"ဟု ကမ်းနေသော ပဲစေ့ကလေးကို လက်မခံဘဲ ငြင်းလိုက်လေသည်။

ကလေးလည်း အကြိုက်ကျကာ အရုပ်ကလေးကိုကိုင်၍ ဆိုင်ထဲမှ ထွက်သွားလေသည်။ ဟက်ဇီဘာသည် ကလေးကို လှမ်း၍ကြည့်လိုက်ရာ ကလေးမှာ လမ်းလျှောက်ရင်း မုန့်ရုပ်ကလေးကို ခေါင်းမှနေ၍ ကိုက်

mgyoe.com

mgyoe..com




စားသွားသည်ကို မြင်ရလေတော့သည်။

သူသည် မုန့်ရုပ်ကလေးနေရာတွင် နောက်တစ်ရုပ်တင်ရန် လှမ်း၍ ယူနေစဉ်ပင် တံခါးခေါင်းလောင်းသံကို ကြားရပြန်၏။ လှည့်ကြည့်လိုက်သောအခါ ယခင်က အစားကြီးကလေးပင်ဖြစ်နေကြောင်း တွေ့ရှိ

mgyoe.com

mgyoe.com


ရသည်။

"ဘယ့်နှယ်လဲ ... ကလေး၊ မင်းတံခါးပိတ်ပေးမလို့ ပြန်လှည့်လာတာလား"

"ဟင့်အင်း ... နောက်တစ်ရုပ်လိုချင်သေးလို့ လာတာပါ"ဟု ကလေးကပြောလေရာ အဒေါ်ကြီးက နောက်တစ်ရုပ်ကို ကလေး၏ လက်ထဲသို့ ထည့်လိုက်လေသည်။ ကလေးလည်း အရုပ်ကိုယူ၍ လှည့်ပြေးတော့မည်အလုပ်တွင် "ဟော့ ဘယ်မလဲ ပိုက်ဆံ" ဟု လက်လှမ်းခံလိုက်ရာ အကင်းပါးသောကလေးက သူ့ပဲစေ့ကလေးကို အဒေါ်ကြီး၏ လက်ထဲသို့ ထည့်ပြီးလျှင် ထွက်သွားလေသည်။

အဒေါ်ကြီးသည် ကလေးဆီမှရသော ပဲစေ့ကလေးကို ငွေသေတ္တာထဲသို့ ထည့်လိုက်လေသည်။ ယင်းသို့ထည့်စဉ် သူသည် လွန်ခဲ့သည့် အနှစ်တစ်ရာခန့်က သူ့အဘိုးတစ်ယောက်လည်း ဈေးရောင်း၍ရသော ပိုက်ဆံများကို ထိုငွေသေတ္တာကလေးထဲသို့ပင် တချွင်ချွင်ထည့်ပေမည်ပင်ဟု တွေးထင်မိလေသည်။

သူသည် ချွင်ခနဲမြည်၍ သေတ္တာထဲသို့ ဆင်းသွားသော ပဲစေ့ကလေး၏ အသံကို နားထောင်ရင်း စိတ်ထဲ၌ ပျော်သလိုလို ကျေနပ်သလိုလို ဖြစ်သွားလေသည်။ ကောင်းရောင်းကောင်းဝယ်နှင့်ရသော ပိုက်ဆံဖြစ်သဖြင့် တစ်ပဲမျှသာ ဖြစ်စေကာမူ သူ့အဖို့ ကျေနပ်စရာ ဖြစ်ပေသည်။ အစားကြီးသော ကျောင်းသားကလေး၏ ပူနွေးသောလက်ဝါးတွင် တင်းကျပ်စွာ အဆုပ်ခံခဲ့ရသည့် ပဲစေ့ကလေး၏အသံသည် ဟက်ဖ်ဇီဘာအဖို့ သာယာသော တူရိယာသံဖြစ်လေသည်။ လာဘ်ရတနာများ အဆက်မပြတ်ရမည့် မင်္ဂလာရှိသော ဈေးဦးပေါက်သံဖြစ်လေတော့သည်။

နေ့လယ်သို့ရောက်သော် ဈေးဝယ်များ တဖြည်းဖြည်း တိုးပွားလာလေသည်။ ဈေးရောင်းကောင်းရကောင်းပါ၏။ တစ်ခါတစ်ရံ သူ့

mgyoe.com

mgyoe.com


မျက်စိမွဲသဖြင့် အမှားမှား အယွင်းယွင်း ဖြစ်ရသေးသည်။ ကောင်မလေး တစ်ယောက်က သူ့အမေခိုင်းလိုက်၍ ချည်တစ်ခင်လာဝယ်၏။ သူပြော သောအရောင်ကို မပေးဘဲ ဟက်ဇီဘာက မျက်စိမွဲ၍ အရောင်လွဲပေး လိုက်မိသဖြင့် ပြန်လာလဲလေသည်။ သောကဖိစီး၍ ပိန်ခြောက်နေသော မိန်းမတစ်ယောက်သည် ဂျုံမှုန့်လာဝယ်သည်။ သူ့ကိုကြည့်ပြီးလျှင် ဟက် ဇီဘာက သနားလေသည်။ လင်ဆိုးမယားဖြစ်ပေမည်ဟု စိတ်တွင် တွက် မိ၏။ လင်က အရက်အိုးဖြစ်၍ကာ သားသမီးကိုးယောက် အနည်းဆုံး ရှိ၍သာ ဤမျှ နွမ်းပါးပိန်ညှော်နေခြင်းဖြစ်သည်ဟု အပျိုကြီးက တွေး ကိန်းထုတ်လေသည်။ ထိုသို့တွေးရင်း သနားလာသဖြင့် ထိုမိန်းမပေး သောငွေကို လက်မခံဘဲ ပြန်ပေးလိုက်ပြီးလျှင် ဂျုံကို အလကားပေးလိုက် လေသည်။

မကြာမီပင်လျှင် အရက်နံ့တထောင်းထောင်းနှင့် လူကြီးတစ်ယောက် ဆေးတံဆေး လာဝယ်လေသည်။ ဟက်ဇီဘာလည်း ထိုလူကြီးမှာ ထို မိန်းမဒုက္ခသည်၏ လင်ဆိုးပင်ဖြစ်ပေမည်ဟု တွေးမိလေသည်။ သူ့၌ ဆေးမရှိသဖြင့် မရှိဘူးဟု ပြောလိုက်ရာ ထိုလူကြီးမှာ ပြန်လှည့်ထွက် သွားလေသည်။ ထွက်သွားရင်း "ဆိုင်တိုင်းမှာ ဆေးအရှိသားနဲ့ သင်းက ဘာဖြစ်လို့ မထားရတာလဲ" ဟု တိုးတိုးဆိုကာ ဆဲဆိုလိုက်သံကို ကြား သောအခါ ဂရုစိုက်၍ မျက်နှာထားပြင်နေသော ဟက်ဇီဘာမှာ နဂို မျက်နှာထားဆိုးကြီး ပြန်ဖြစ်သွားလေတော့၏။

တစ်ခါ မိန်းမတစ်ယောက်က ပေါင်မုန့်လုပ်ရာတွင်ထည့်ရန် စရည်းရည်ရှိသလားဟု လာမေးရာ ဟက်ဇီဘာက မရှိဘူးဟု ဆိုလိုက် သဖြင့် မိန်းမကြီးက "ဆိုင်တိုင်းမှာရှိတယ်၊ ရှင်ဒီလိုသာ မထားရင် ရောင်း ရမှာ မဟုတ်ဘူး သိလား" ဟု မျက်နှာထားနှင့် ပြောသွားလေသည်။

ဈေးသည်ဘဝသို့ ရောက်ရှာသော ဟက်ဇီဘာမှာ လူအမျိုးမျိုး

mgyoe.com

mgyoe.com


စရိုက်အမျိုးမျိုးနှင့် ကြုံတွေ့ရသဖြင့် မျက်နှာထားကို မည်သို့ပင်ပြင်၍ ထားစေကာမူလည်း ဒေါသတစ်ချက်တစ်ချက် ဖြစ်လာလျှင် နဂိုရုပ်ပေါ်လာတတ်ရကား ဈေးဝယ်အပေါင်းက သူ့အား မျက်နှာထားဆိုးလှကြောင်း အချင်းချင်းပြောဆိုနေကြလေသည်။ "ကြောက်စရာကြီးပါတော် ... မျက်နှာကိုက အမဲလိုက်ခွေးတွေ ဝိုင်းအဖမ်းခံရတဲ့ မြေခွေးမလိုပါပဲ။ သူ့ကြည့်ရတာ စိတ်ယုတ်မာရှိတယ် ထင်တယ်" ဟု အတင်းပြောနေကြသည်။

ဟက်ဇီဘာအဖို့လည်း ဈေးသည်ဘဝသို့ရောက်ခါမှ စိတ်များကယောင်ချောက်ချား ဖြစ်နေချေသည်။ ရှေးကကဲ့သို့ နူးညံ့သော စိတ်ထားမျိုး မရှိတော့ဘဲ ဒေါသစိတ်၊ မစ္ဆေရစိတ်များ မကြာခဏ ပေါ်ပေါက်လာသည်ကို သူ့ကိုယ်သူ သတိပြုမိလေသည်။

တစ်ခါက ဂုဏ်ကြီးရှင် မိန်းမတစ်ယောက် ပင်းချွန်းလမ်းထဲတွင် လျှောက်သွားရာ သူ့အဝတ်အစားမှာ တောက်ပြောင်သစ်လွင်ရုံသာမက သူ့ကိုယ်မှ ရေမွှေးနံ့သည် တစ်လမ်းလုံးကြိုင်သွားကာ သူအဝေးသို့ရောက်သွားသည့်တိုင်အောင် မွှေး၍ကျန်ခဲ့လေသည်။

ထိုမိန်းမကိုကြည့်ရင်း ဟက်ဇီဘာသည် နဂိုရုပ်အတိုင်း ပါးစပ်ကြီးမဲ့ရွဲ့ကာ "အောင်မာ ... ဒီလိုကောင်မတွေက ဘာမှုမလုပ်ဘဲ အလှချည်းပြင်နေကြတာပဲ ...။ ဆင်းရဲသားတွေမှာတော့ သူတို့အလှပြင်နိုင်ဖို့ နဖူးကချွေး ခြေမ,ကျအောင် ကြိုးစားပြီး လုပ်လိုက်ကြရတာ၊ သိပ်မတရားပါကလား။ ဘုရားသခင်ကလည်း ဘာကြောင့် ဒီလိုမျက်နှာလိုက်ရပါလိမ့်" ဟု တစ်ယောက်တည်း ရေရွတ်နေလေသည်။

"နောက်မှသတိရကာ "ဘုရားသခင်အား ကဲ့ရဲ့ခြင်းပြုမိသည့် အကုသိုလ်ကို ပြေပျောက်အောင် ခွင့်လွှတ်တော်မူပါဘုရား" ဟု ဆုတောင်းလေတော့သည်။

mgyoe.com

mgyoe.com


ထို့နောက် သူသည် စိတ်မချမ်းမြေ့ဖြစ်နေလေသည်။ "ငါလည်း ဈေးရောင်းတော့မှပဲ စိတ်ကြမ်းတွေ စိတ်ရိုင်းတွေ ပေါက်နေပါကလား။ စီးပွားရေးဘက်က တိုးတက်မယ်ဆိုရင် တိုးတက်နိုင်စရာအကြောင်း ရှိပါရဲ့။ ဒါပေမဲ့ ဆိုင်ရောင်းတာဟာ တကယ်ဆိုတော့ အကျင့်စာရိတ္တ ထိခိုက်တာပါကလား။ ငါတော့ ဘာသာတရားကိုင်းရှိုင်းမှုကို ဂရုစိုက် ဦးမှပါပဲ" ဟု တစ်ကိုယ်တည်းဆွေးကာ ညည်းညူနေရှာလေသည်။

□

mgyoe.com

mgyoe.com

## [၄] ဆိုင်ရှင့်ဘဝ

မွန်းတည့်ခါနီးအချိန်လောက်တွင် ဟက်ဇီဘာသည် သူ့ဆိုင်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် လူတစ်ယောက် ဖြည်းဖြည်းလျှောက်သွားသည်ကို မြင်လိုက်ရလေသည်။ ထိုလူကြီးမှာ အတော်ပင်ခံ့ညားရှိ အသက်အရွယ်မှာလည်း အတော်ပင် ကြီးလှလေပြီ။ သူသည် ပင်းချွန်းသစ်ချပင်ကြီးအောက်တွင် ခေတ္တမျှရပ်နားကာ နဖူးတွင်ထွက်နေသော ချွေးကိုသုတ်ရင်း ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို စိုက်၍ကြည့်နေသည်မှာ အိမ်ကြီးက ခံ့ညား၍လားမသိ။ သို့ရာတွင် အိမ်ကြီးခံ့ညားသလောက် ထိုပုဂ္ဂိုလ်ကြီးမှာလည်း ခံ့ညားလှပေသည်။ သူ့လောက်ဂုဏ်သရေရှိသော ပုဂ္ဂိုလ်ကို ထိုအရပ်ဒေသတွင်ရှာ၍ရနိုင်ဖို့ ခဲယဉ်းလှပေသည်။ အဝတ်အစားမှာလည်း ဂုဏ်သရေရှိပုဂ္ဂိုလ်တို့ ဝတ်စားလေ့ရှိသည့်အတိုင်းပင် ဖြစ်ပေသည်။ သို့ရာတွင်အခြားလူများ အဝတ်အစားနှင့် သာမန်အားဖြင့် တူသော်လည်း သူ့ဝတ်ပုံစားပုံမှာ ကျနသပ်ရပ်သောကြောင့် ပို၍ပင် တင့်တယ်လှပေသည်။ လက်တွင်ကိုင်ထားသော ရွှေနားကွပ်တုတ်မှာလည်း သူ့အား ပိုမို၍ ခံ့ညားစေတော့သည်။ လူမြင်တိုင်းကပင် သူသည်ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း ယုံမှားသံသယရှိမည်မဟုတ်ချေ။ အဝတ်အစားနှင့် ရွှေနားကွပ်လက်ကိုင်တုတ်တို့က ထိုပုဂ္ဂိုလ်ကြီးမှာ ဂုဏ်

mgyoe.com

mgyoe.com


သရေရှိသလောက် ငွေကြေးခနပြည့်စုံကြောင်းကိုလည်း ဖော်ပြနေသေးသည်။ ယခုလောက် အသက်အရွယ်ကြီးခဲ့သော်လည်း ငယ်ရွယ်စဉ်က သူ့အား လူချောတစ်ယောက်ဟု ဆိုကြပေလိမ့်မည်။ ယခုဥမှုကား အသက်အရွယ်ကြီးသလောက် မျက်ခုံးမွေးလည်းထူနေသည်။ နဖူးလည်း ပို၍ပြောင်လျက်ရှိသည်။ ယခင်ကတောက်ပြောင်ခဲ့သော မျက်လုံးလည်း မှဲ့လျက်ရှိလေပြီ။ ထိုသို့အိုမင်းရင့်ရော်သည့် လက္ခဏာများကြောင့် သာမန်အားဖြင့် သိရှိသူတို့က သူ့အား ငယ်စဉ်က ရုပ်ရည်ချောမောကြောင်း သိနိုင်ကြမည် မဟုတ်ကြချေ။

ထိုပုဂ္ဂိုလ်ကြီးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို စိတ်ဆိုးသောအမူအရာဖြင့်လည်းကောင်း၊ ကျေနပ်သောအမူအရာဖြင့်လည်းကောင်း၊ အမူအရာအမျိုးမျိုးပြောင်း၍ ကြည့်နေလေသည်။ သူ့မျက်လုံးသည် ဟက်ဇီဘာ၏ ဈေးဆိုင်ခန်းဘက်သို့ ရောက်သွားကာ အမြင်မသန်သဖြင့် မျက်မှန်ကိုထုတ်၍ တပ်ကာ ကြည့်ရလေသည်။ ပထမဦး အတော်ပင် ဒေါသဖြစ်ဟန်ရှိနေသော်လည်း မကြာမီပင်လျှင် ထိုဒေါသရုပ်ပျောက်၍ တဖြည်းဖြည်း ပြုံးလာလေသည်။ သူပြုံးနေခိုက် ဟက်ဇီဘာလည်း ပြတင်းပေါက်မှ ခေါင်းပြူ၍ကြည့်လိုက်ရာ သူ့အပြုံးမှာ ပိုမိုထူးခြားသော အပြုံးမျိုးသို့ ရောက်သွားကာ ခေါင်းကလေးတစ်ချက်ညိတ်ပြီးနောက် ခံ့ညားသောကိုယ်ဟန်ဖြင့် လမ်းဆက်၍ လျှောက်သွားလေသည်။

"အင်း သူကတော့ ကြည့်သွားတာပဲ။ ငါဒီလိုဆိုင်ရောင်းတာ သူ ကြိုက်မှ ကြိုက်ပါ့မလား ... ဟော လမ်းထိပ်ကနေပြီးတော့ လှည့်ကြည့်ပြန်ပြီ"ဟု ဟက်ဇီဘာက တစ်ကိုယ်တည်းပြော၍ နေလေသည်။ သူ ပြောသည့်အတိုင်းပင် ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးလည်း လမ်းထိပ်မှရပ်၍ ဟက်ဇီဘာ၏ ဆိုင်ခန်းကလေးရှိရာသို့ တစ်ချက်မျှလှမ်း၍ကြည့်ပြီး နောက် ပြန်လှည့်၍လျှောက်လာမည် အပြုတွင် ဆိုင်ခန်းကလေးထဲသို့

mgyoe.com

mgyoe.com


နံနက်စောစောက ဈေးဦးဖောက်သွားသော ကျောင်းသားကလေး ဝင်သွားသည်ကို မြင်လိုက်သဖြင့် တစ်ဖန်ပြန်လှည့်ကာ ပင်းချွန်းလမ်းမှတစ်ဖက်သို့ လျှောက်သွားလေတော့သည်။

သူ့ပြန်အလှည့်ကို ဟန့်တားလိုက်သကဲ့သို့ပြုသော ကျောင်းသားကလေးမှာ နံနက်က ပဲစေ့ကလေးတစ်စေ့ပေးကာ မုန့်အရုပ်ကလေးများ ဝယ်စားသည်ကို မဝနိုင်သေးသဖြင့် ယခုတစ်ဖန်လာ၍ မုန့်အရုပ်ကလေးတစ်ရုပ် ဝယ်ပြန်လေသည်။ ယခုအကြိမ်၌ကား သူသည် ဆင်ရုပ်ကလေးကို လက်ညှိုးထိုးပြ၏။ ဟက်ဗီဘာက ကလေးလက်ညှိုးထိုးပြသည့် မုန့်ရုပ်ကလေးယူ၍ ပေးလိုက်လေသည်။

"ထင်ချင်သလိုသာ ထင်ပေတော့ အစ်ကိုကြီးဂျက်ဖရီရေ အခု အစ်ကိုကြီး ကျွန်မဆိုင်ကို မြင်သွားပြီမဟုတ်လား။ ဘယ်လိုအပြစ်ပြောပါသေးသလဲ။ ဒီခုနစ်ဆောင်ပြိုင်အိမ်ကြီးဟာ ကျွန်မ မသေသမျှ ကာလပတ်လုံး ကျွန်မပဲ ပိုင်တယ်လို့ မဆိုနိုင်တော့ဘူးလား" ဟက်ဗီဘာက တစ်ကိုယ်တည်း ညည်းတွားပြောဆိုလေသည်။

ဟက်ဗီဘာသည် သူ့အစ်ကိုကြီး တရားသူကြီး ဂျက်ဖရီ သူ့ဆိုင်ကို မြင်သွားသဖြင့် စိတ်စနောင့်စနင်းဖြစ်ကာ နောက်ဖေးခန်းဝင်၍ ထိုးလက်စရှိသည့် ခြေအိတ်ကို ကောက်ယူ၍ တုန်ရီသောလက်များဖြင့် ဆက်လက်ထိုးနေလေသည်။ သူ့ခမျာမှာ လက်တုန်နေသဖြင့် ခြေအိတ်မထိုးနိုင်တော့ဘဲ ခြေအိတ်ကို ပစ်ချလိုက်ရတော့သည်။ ထို့နောက် သူသည် ကာနယ်ပင်းချွန်း၏ ရုပ်ပုံကြီးရှေ့သို့ သွား၍ကြည့်ကာ ငေးစိုက်၍ နေလေတော့သည်။ ရုပ်ပုံကြီးမှာ နှစ် လ ပရိစ္ဆေဒ ရှည်ကြာလှသဖြင့် ဟောင်းနွမ်း၍ ဆေးများ ပျက်ပြယ်လျက်ရှိလေပြီ။ သို့ရာတွင် ကာနယ်ကြီး၏ ထူးခြားသောရုပ်ရည်ကြောင့် ကြည့်နေသူအား စိတ်တုန်လှုပ်ချောက်ချားစေတော့သည်။ ရုပ်ပုံကြီး၏ မျက်လုံးမှာ အတော်ပင်စူးရှကား

mgyoe.com

mgyoe.com


ဟက်ဇိဘာသည် ကာနယ်ကြီးကိုယ်တိုင် ဒေါသရောင်လွှမ်းလျက်ရှိသော မျက်လုံးကြီးများဖြင့် သူ့အားကြည့်နေသည်ဟု ထင်မှတ်ကာ တုန်လှုပ်လျက်ရှိလေသည်။ အစဉ်အဆက်က ထိုရုပ်ပုံကြီးကို ရှိသေစွာ ဖူးမြော်လာကြသောကြောင့်ပင် ပင်းချွန်း နောက်ဆုံးအနွယ်တစ်ဦးဖြစ်သည့် ဟက်ဇိဘာခမျာမှာ ကာနယ်ကြီးကိုယ်တိုင် ထ၍ သူ့အားခြေထောက်နှင့် ကန်တော့မည် အထင်မျိုးနှင့် ထိုရုပ်ပုံကြီးကိုပင် ကြောက်လန့်စိုးရွံ့လျက်ရှိလေတော့သည်။ ထိုရုပ်ပုံကြီးမှာ မကြာမီကလေးတွင်မှ လမ်းထဲက ထွက်သွားသော တရားသူကြီး ဂျက်ဖရီပင်းချွန်းနှင့် ရုပ်ပုံချင်းတူရကား ဟက်ဇိဘာမှာ သူ့အစ်ကိုကြီး သူ့ဆိုင်ကိုကြည့်သွားပုံ ထူးခြားလှခြင်းကို အမှတ်ပြုမိသဖြင့် တုန်လှုပ်ချောက်ချားနေရာမှ ရုပ်ပုံကြီး၏ စူးရှသော မျက်လုံးက သူ့အား ပိုမို၍ပင် တုန်တုန်ရီရီ ဖြစ်စေတော့သည်။

အပျိုကြီးက ရုပ်ပုံကြီးကိုကြည့်ရင်းပင် "ဟုတ်ပါတယ်တော့ ... သိပ်တူတာပါပဲ။ အစ်ကိုကြီးဂျက်ဖရီကိုသာ သံပရာခွံဦးထုပ်ကလေး ဆောင်းပေးပြီး အပြုံးခိုင်းလိုက်ပါ ကာနယ်ပင်းချွန်းနဲ့ တစ်ထေရာတည်း ဖြစ်သွားမှာ အမှန်ပါပဲ" ဟု ဆိုလေသည်။

ဟက်ဇိဘာသည် ရုပ်ပုံကြီးကိုကြည့်ပြီးလျှင် အမျိုးမျိုးအဖုံဖုံ တွေးတောနေလေသည်။ သူ့ခမျာမှာ တစ်သက်လုံး ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌ တစ်ကိုယ်တည်းနေရသည်က များသဖြင့် ရောက်တတ်ရာရာ တွေးတောသည့်အလေ့မှာ သူ့၌စွဲမြဲနေလေတော့သည်။ အတွေးနယ်ကျူးလျက်ရှိသည့် တစ်ကိုယ်တည်းအပျိုကြီးမှာ ကာနယ်ပင်းချွန်း၏ ရုပ်ပုံကိုကြည့်ရင်း ထိုရုပ်ပုံနှင့် လားလားမျှ မတူသည့် ရုပ်ပုံတစ်ခုကိုလည်း စိတ်ထဲ၌ မြင်ယောင်လာပြန်သည်။ ထိုရုပ်ပုံမှာ နုနယ်ချောမောလှသော သားသည် အမေတစ်ဦး၏ ရုပ်ပုံကိုပါ စိတ်၌ပေါ်လာလေတော့သည်။ "အင်း သူ့အမေကို နှိပ်စက်ကြတယ်၊ သူဟာ စင်စစ်တော့ ပင်းချွန်းအနွယ်ထဲက

mgyoe.com

mgyoe.com


မဟုတ်ဘူး" ဟု သူ့ဘာသာသူ ရှင်းလင်းနေသည်။

ယင်းသို့ တစ်ကိုယ်တည်း အတွေးနယ်ကျွံနေရှာသော ဟက်ဇီဘာသည် တွေးတောငေးမောနေရာမှ ခေါင်းလောင်းသံကလေး တစာစာ ကြားရသောကြောင့် လန့်ဖျပ်ကာဆိုင်ခန်းရှိရာဘက်သို့ နောက်ဖေးချောင်မှ ကပျာကယာ ထွက်လာခဲ့လေသည်။ ဆိုင်ထဲသို့ ရောက်လျှင်ပင် လူကြီးတစ်ယောက်နှင့် တွေ့လေသည်။ ဟက်ဇီဘာမှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၌မွေး၍ တစ်သက်လုံး ထိုအိမ်ကြီးတွင်ပင် နေလာခဲ့ရာ အိမ်နီးချင်းအဘိုးကြီး ဘကြီးဗင်နားကို အသိမလုပ်ဘဲ မနေနိုင်တော့ချေ။

အဘိုးကြီးမှာ ခေါင်းဖြူလျက် ပါးရေများ တွန့်နေလေပြီ။ သွားလည်း တစ်ချောင်းမျှပင် မရှိတော့ချေ။ ရှေ့နားက အပေါ်သွားကလေး တစ်ချောင်းရှိသည်ဟု ဆိုနိုင်သော်လည်း တစ်ခြမ်းမျှသာ ရှိသဖြင့် အသုံးမဝင်သည်သာမက သွားရှိသည်ဟု ဆိုနိုင်ဖို့ အတော်ခဲယဉ်းလှချေသည်။

ထိုမျှ အိုမင်းနေသော်လည်း မစွမ်းဟု မဆိုသာ သူ့အရွယ်နှင့်သူ အတော်ပင် သန်စွမ်းလှပေသည်။ လမ်းမတစ်လျှောက် တံမြက်စည်းလှည်းခြင်း၊ ဆောင်းတွင်း၌ နှင်းများ လမ်းပေါ်မှ ရှင်းလင်းထားခြင်း အမှုများ ပြုသောကြောင့် အဘိုးကြီးမှာ အသုံးဝင်လှပေသည်။ ဘကြီးဗင်နားသည် အိမ်နီးချင်းများ ခိုင်းစေရာကို လေးလေးမှန်မှန်ကြီး လုပ်ပေးလေ့ရှိသည်။ တစ်နေရာသို့ စေလွှတ်လိုက်လျှင် သူ မလှုပ်တလှုပ်သွားပုံနှင့် လိုရာခရီးသို့ ရောက်မှရောက်ပါ့မလားဟုပင် ထင်စရာရှိသော်လည်း လေးလေးနှင့် မှန်မှန်သွားသောကြောင့် ရောက်သင့်သည့်အချိန်၌ လိုရာသို့ရောက်ပေသည်။ ပင်းချွန်းလမ်းရှိ အိမ်များက အလုပ်ကလေးများကို တတ်အား သမျှဝင်၍ လုပ်ကိုင်ပေးတတ်သောကြောင့် ဘကြီးဗင်နားအား ချစ်ခင် သဒ္ဒါသူ ပေါများလှပေသည်။ သူသည် ယင်းသို့ ကူညီလုပ်ကိုင်ပေးသည်ကို အခယူခြင်းမရှိချေ။ သူ့ဝက်များစားရန် ထမင်းကျန်

mgyoe.com

mgyoe.com


ဟင်းကျန်များကိုသာ လိုက်၍ သိမ်းလေ့ရှိသည်။

ဘကြီးဗင်းနားမှာ ငယ်ရွယ်စဉ်ကတည်းကပင် ဉာဏ်တုံးသည့်သူ တစ်ယောက် ဖြစ်သည့်အလျောက် သူတစ်ပါးအခိုင်းအစေမျှသာ ဖြစ်ခဲ့ ရရှာသည်။ သူ့ခမျာမှာလည်း သူ့အစွမ်းအစကိုသိသဖြင့် ငယ်စဉ်က တည်းကပင် အခြားလူငယ်များကဲ့သို့ မာနတရား ထောင်လွှားခြင်း မပြု ခဲ့ရှာပေ။ ယင်းသို့ ရိုးရိုးကုပ်ကုပ်ကလေးနှင့် သူတစ်ပါး၏ အစေအပါး ခံလာခဲ့သော လူရိုးလူအကြီးတစ်ယောက် ဖြစ်သောကြောင့်ပင် ဟက်ဇီဘာ က ခင်မင်လေသည်။

"ငါ့တူမကြီး ... ဈေးစရောင်းပြီပေါ့နော် ..." ဟု ဘကြီးက နှုတ် ဆက်စကား ဆိုလိုက်လေသည်။ "ကျုပ်တော့ အလုပ်လုပ်တဲ့လူငယ် တွေကို အမြဲတမ်းကြည်ညိုလေးစားပါတယ်။ ကျုပ်လည်း အလုပ် အင် မတန်လုပ်တဲ့ လူပဲလေ၊ တူမကြီး အသိသားပဲ။ ကျုပ်ဟာ အခုနေမှာ လူအိုရုံသွားပြီး အလုပ်မလုပ်ဘဲ အေးအေးစားနေနိုင်သားပေါ့။ ဒါပေမဲ့ အလုပ်လုပ်ချင်တာနဲ့ လူအိုရုံကို ခြေဦးတောင် မလှည့်ဘူး" ဟု အဘိုး ကြီးက ဆက်လက်၍ ပြောလေသည်။

"ဟုတ်ပါတယ် ဘကြီးရယ်။ တကယ်ဆိုတော့ ကျွန်မဟာ ဟို အရင်တုန်းကတည်းက အလုပ်စလုပ်ပြီး ဒီအသက် ဒီအရွယ်ရောက်တော့ အလုပ်ကိုပစ်ပြီး အေးအေးဆေးဆေး နေဖို့ကောင်းနေပါပြီ။ အခုတော့ အစနောက်ကျတာကိုး"

"ဘယ်ကလာ နောက်ကျရမှာလဲကွဲ့။ ငါ့တူမကြီး အသက်ငယ် ပါသေးတယ် ...။ တူမကြီး ငယ်ငယ်က တောက်တက်တောက်တက်နဲ့ ကစားနေတာ ဘကြီးတော့ မျက်စိထဲမှာ မြင်နေသေးပါရဲ့ ...။ တူမကြီးရဲ့ အဘိုးဟာ မြင်းကြီးစီးပြီး ... ခုံခုံကြီးသွားလာနေတာကို ဘကြီးမျက်စိ ထဲက မပျောက်သေးပါဘူးကွယ် ...။ အဲဒီတုန်းက ... တူမကြီးရဲ့အဘိုး

mgyoe.com

mgyoe.com


ဟာ အတော်ပဲတန်ခိုးကြီးတာကလား။ လူတွေက သူ့ကို ဘုရင်တစ်ဆူလို အမှတ်ထားကြသကွဲ့။ သြော် ... ဒါနဲ့ အခုတင်ပဲ တူမကြီးရဲ့အစ်ကို တရားသူကြီး ဂျက်ဖရီကို လမ်းမှာတွေ့လိုက်သေးတယ်။ ဒါနဲ့ ... တူမကြီးရယ်၊ ဘကြီးတစ်ခုမေးစမ်းပါရစေ။ စိတ်လည်းမရှိပါနဲ့နော် ...။ တူမကြီးရဲ့အစ်ကိုက တရားသူကြီးဖြစ်နေတော့ ... တူမကြီးကိုခေါ်ပြီး စောင့်ရှောက်ကျွေးမွေး မထားတာ ဘာကြောင့်လဲကွဲ့ ...။ မသိရဘူးလား"

"အို ... ဒီအကြောင်းကို မမေးပါနဲ့ ဘကြီးရယ် ...။ နောက်တော့ ပြောပြပါ့မယ်။ ကျွန်မ အခုလို ဈေးရောင်းစားရတာဟာ ကျွန်မအစ်ကိုကြီးရဲ့ အပြစ်မဟုတ်ပါဘူး။ တကယ်လို့ ကျွန်မဘကြီးရဲ့ လယ်တဲကိုပြောင်းပြီး အေးအေးဆေးဆေးနေမယ်ဆိုရင်လည်း ကျွန်မအစ်ကိုကြီးကို အပြစ်တင်စရာ မရှိပါဘူး"

ဘကြီးဗင်းနားသည် ဉာဏ်တုံးတိဖြစ်သည့်အလျောက် ဥပမာ ဥပမေယျတို့ကို နားမလည်ဘဲ ဟက်ဇီဘာက သူ့လယ်တဲသို့ ပြောင်းတော့မည်အထင်နှင့် "အင်း ... ဘကြီးရဲ့လယ်က မဆိုးလှဘူးကွဲ့၊ မိတ်ကောင်းဆွေကောင်းတွေနဲ့ တွေ့ပြီး ပျော်ပျော်ပါးပါး စားစားသောက်သောက်ဆိုသလို နေဖို့ အင်မတန်ကောင်းတယ်။ ဒါပေမဲ့ တစ်ခါတလေတော့လည်း လူအိုရုံသွားနေရတာမှ ကောင်းပါသေးတယ်လို့ တွေးမိသေးသဗျာ၊ ငါ့တူမကြီးကတော့ ငယ်ပါသေးတယ်၊ လူအိုရုံလည်း သွားစရာ မလိုပါဘူး။ မကြာခင် ကံကလေးထောက်မပြီး အကောင်းတစ်ခုခု ကြုံပါလိမ့်ဦးမယ်" ဟု လေကြောရှည်နေလေသည်။

အပျိုကြီးကလည်း "ဒီအဘိုးကြီးမှာ ထူးခြားချက် တစ်ခုခုတော့ ရှိတာအမှန်ပဲ။ ဘယ်နေရာ ဘာထူးခြားချက်ရှိမယ်ဆိုတာသာ မသိရတာ" ဟု စိတ်တွင်းက ဘကြီးဗင်းနားကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေလေသည်။ သူလည်း သူ့ဆိုင်ကလေးကို ပြင်ဆင်နေတုန်းပင်လျှင် ကံ

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ကောင်းထောက်မချက်ကလေးများ တစ်ခါတစ်ရံ ပေါ်လာကောင်း၏ဟု မျှော်လင့်တောင့်တမိလေသည်။ ဆင်းတောင့်ဆင်းရဲဖြစ်နေသဖြင့် မမျှော်လင့်သောနေရာမှ အမွေအနှစ်ကလေးများ ရလိုက်လျှင် ကောင်းပေမည်ဟု တွေးထင်မိလေသည်။ ဥပမာ ကမ္ဘာ့အရှေ့ပိုင်းသို့ထွက်သွားပြီး တစ်ခါတစ်ခေါက်မျှ ပြန်မရောက်လာသော ဦးလေးတစ်ယောက်က သူ့ပစ္စည်းဥစ္စာများကို ဟက်ဇီဘာအား အမွေပေးခဲ့ချင်လျှင် ပေးခဲ့နိုင်သည်။ တစ်ဖန်တုံလည်း ဗားဂျီးနီးယားပြည်နယ်တွင် ဆေးအကြီးအကျယ် စိုက်လုပ်သည့် ဦးလေးတစ်ယောက်က သူဆင်းရဲနေသည်ကို ကြားသိရသဖြင့် ဒေါ်လာတစ်သောင်း ပေးပို့ချင်လျှင်ပေးပို့နိုင်ပေသည်။ နောက်လည်း နှစ်စဉ် ဒေါ်လာတစ်ထောင်ကျ ပေးပို့မည်ဟူသော စကားရပ်လည်း ပါးချင်ပါးလိုက်နိုင်သေး၏။ နောက်ဆုံး ကြံဖန်မျှော်လင့်သည်ကား နှစ်ပေါင်း နှစ်ရာခန့်ကတည်းက အငြင်းပွားး၍ ပင်းချွန်းတို့ကရှုံးခဲ့သော ဝေါလဒိုနယ်ကြီးကို ပိုင်ဆိုင်ရန်အမှုကြီးမှာ ယခုမှ မမျှော်လင့်ဘဲ အသစ်ထပ်မံ၍ စီရင်ချက်ချကာ ဟက်ဇီဘာအား ပင်းချွန်းအနွယ်အဖြစ် ပေးလိုက်ချင်လည်း ပေးလိုက်နိုင်၏ ဟူသတည်း။ ယင်းသို့သာ မမျှော်လင့်ဘဲ ချမ်းသာလာပါမူ ဟက်ဇီဘာသည် ယခုကဲ့သို့ ခြောက်ပြားဆိုင်ကလေး ဖွင့်မနေတော့ဘဲ တိုက်ကြီးတာကြီးဆောက်၍ နေပေမည် ဧကန်ပင်။

ဘကြီးဗင်းနားက ဝါသနာအလျောက် အားပေးစကားပြောသည်ကို ဟက်ဇီဘာခမျာမှာ အဟုတ်ကြီးမှတ်ကာ သူ့အတွေးနှင့်သူ လွှမ်း၍ နေလေတော့သည်။ ဘကြီးဗင်းနားလည်း လူကြီးတို့ဘာဝ လူငယ်အား ဆုံးမစကားပြောကြား၍ ထွက်သွားလေသည်။ သူ့ဆုံးမစကားများကား အမှန်ပင် လိုက်နာထိုက်လှ၏။ "ဘယ်သူ့ကိုမှ ကြွေးမပေးနဲ့၊ ငွေစက္ကူကို မယူနဲ့၊ ပိုက်ဆံပြန်အမ်းတဲ့အခါ သေသေချာချာကြည့်အမ်း၊ ငွေစကို တီးခေါက်ကြည့်ပြီးမှယူ၊ အားတဲ့အခါမှာ ကလေးခြေအိတ်ကလေးများ

mgyoe.com

mgyoe.com


ထိုး၊ ကိုယ့်ပေါင်မုန့်ကိုယ်ဖုတ်" စသည်တို့ပင်တည်း။

ဟက်ဇီဘာသည် ထိုအဖိုးတန်လှသော ဩဝါဒစကားလုံးကလေးများကို အရကျက်မိအောင် ကြိုးစားနေခိုက် အဘိုးကြီးက သူ့အား အရေးကြီးသော ဩဝါဒတစ်ချက်ကို ထပ်၍ ပေးပြန်လေသည်။ "ဈေးသည်ဆိုတာ ဝယ်သူကို ချိုချိုသာသာပြောရတယ်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ဝယ်သူလိုသမျှကို ဂရုတစိုက်ယူပေးမှ ဈေးရောင်းရတယ်၊ မှုန်တေတေနဲ့ အပေါက်ဆိုးမှုတ်နေရင် လာဘ်တိတ်တတ်တယ်" ဟု ဆိုလိုက်ရာ ဟက်ဇီဘာမှာ ထိုဩဝါဒကို လိုက်နာရန် သူ့အဖို့ ခဲယဉ်းလှသဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။ သူချလိုက်သော သက်ပြင်းမှာကား သာမန်မဟုတ်၊ အတော်ပြင်းထန်သဖြင့် ကြောင်တက်တက် အဘိုးကြီး ဗင်းနားမှာ ပို၍ပင် ကြောင်တက်တက်ဖြစ်သွားလေတော့သည်။

"သူပြန်လာလိမ့်မယ်လို့ ... တူမကြီးထင်သလား ..." ဟု အဘိုးကြီးက တိုးတိုးကလေးမေးလိုက်ရာ ဟက်ဇီဘာမှာ မျက်စိမျက်နှာပျက်ကာ "ဘယ်သူပြန်လာလိမ့်မယ်လို့ ဆိုချင်တာလဲ" ဟု ပြန်၍ မေးလိုက်လေသည်။ ထိုအခါ အကင်းပါးသော အဘိုးကြီးက "ဩော် ... ဒီအကြောင်းကို ဆက်မပြောချင်ရင်လည်း နေပါ၊ ဘကြီးတော့ သူ့ကို ကလေးကလေးကတည်းက သိတာမို့ မေးမိတာပါ" ဟုဆို၍ ထွက်သွားလေသည်။

ဟက်ဇီဘာသည် ထိုနေ့အဖို့ ဈေးသည်ပီသစွာကြိုးစား၍ ဈေးဝယ်လာသူတို့အား ချိုချိုသာသာပြောကာ ဖျတ်ဖျတ်လတ်လတ် လုပ်ကိုင်ပေးသော်လည်း သူ့ခမျာမှာ လွမ်းရိပ်မကင်း ဖြစ်၍နေလေတော့သည်။ ဈေးရောင်းရင်း စိတ်ကူးနယ်ကျွံနေသဖြင့် အမှားမှားအယွင်းယွင်း ဖြစ်ရတော့သည်။ ပစ္စည်းကို မှား၍ပေးလိုပေး၊ ငွေကို ပို၍ အမ်းလိုအမ်းနှင့် ကဘောက်ကချာဖြစ်နေလေရာ နေကုန်၍ ဆိုင်ပိတ်သောအခါ၌

mgyoe.com

mgyoe.com


ငွေသေတ္တာထဲတွင် ငွေသားတစ်ပြားမှ မရှိတော့ကြောင်း သိသဖြင့် အံ့အားကြီးသင့်သွားလေတော့သည်။ တစ်နေ့လုံး အပင်တပန်းရောင်းသည့်အတွက် ပဲစေ့ကလေး ၆–စေ့နှင့် ၉–ပဲနိစေ့တစ်စေ့သာ သေတ္တာထဲ၌တွေ့ရတော့သည်။ ၉–ပဲနိစေ့မှာလည်း အတုဖြစ်နေကြောင်း တွေ့ရှိရလေသည်။ ဟက်ဖီဘာ၏ နောက်ဆုံးဝယ်သူမှာ ဈေးဦးဖောက်သူကလေးပင် ဖြစ်သော်လည်း အစားကြီးသော ထိုသူငယ်ကလေးသည် နံနက်က ကျီးကန်းရုပ်နှင့် ဆင်ရုပ်ကိုစားပြီးသော်လည်း မဝနိုင်သေးသဖြင့် ညနေစောင်းတွင် ကုလားအုပ်ရုပ်ကို လာ၍ဝယ်လေသည်။ ဟက်ဖီဘာမှာ စိတ်ထွေနေသဖြင့် သူငယ်ကလေးကတောင်းသည့် ကုလားအုပ်ရုပ်မုန့်အစား သစ်သားနဂါးရုပ်ကို လှမ်း၍ပေးလိုက်ရာ သူငယ်ကလေးက မဟုတ်ပါဘူးဗျာဟုဆိုသဖြင့် ယောင်ကန်းကန်းနှင့် ကျောက်ဒိုးတစ်ထုပ်ကို ပေးလိုက်ပြန်သည်။ နောက်ဆုံး၌ စိတ်မရှည်နိုင်တော့ဘဲ သူငယ်ကလေးအား နင်ကြိုက်ရာ နင်ယူတော့ဟု ဆိုလိုက်ခါမှ သူငယ်ကလေးက သူ့အကြိုက် အရုပ်မုန့်ကိုယူ၍ ထွက်သွားလေတော့သည်။

ယင်းသို့ သူငယ်ကလေးနှင့် အရောင်းအဝယ် ရှုပ်ထွေးနေခိုက်တွင် မော်တော်ဘတ်စ်တစ်စင်း ဆိုင်ရှေ့တွင် ရပ်လာလေသည်။ ဟက်ဖီဘာလည်း ဧည့်သည်ကို လက်ခံလိုစိတ် လုံးဝမရှိသူဖြစ်သဖြင့် ငါ့ဆီကို ဘယ်သူများ လာပြီးတည်းဦးမှာလဲဟု စိတ်တွင်းမှဆိုကာ မော်တော်ဘတ်စ်ကားကြီးကို ငေး၍ကြည့်နေလေသည်။ ဘတ်စ်ကားထဲမှ လူကြီးတစ်ယောက် ဆင်းလာပြီးလျှင် သူ့နောက်က နွဲ့နွဲ့နှောင်းနှောင်း မိန်းမပျိုကလေးတစ်ယောက် ဆင်းလိုက်လာလေသည်။ သူငယ်မကလေးသည် သူ့ပစ္စည်းများဖြစ်သော လက်ကိုင်သားရေအိတ်တစ်လုံးနှင့် သေတ္တာကလေးတစ်လုံးကို မြေပေါ်တွင်ချကာ ရပ်နေခိုက် ထိုလူကြီးမှာ ကားပေါ်သို့ ပြန်တက်၍ ကားကြီးလည်း ရှေ့သို့ မောင်းနှင်သွားလေသည်။

mgyoe.com

mgyoe.com


သူငယ်မကလေးသည် ခုနစ်ဆောင်ပြိုင်အိမ်ကြီးကို ငေး၍ကြည့်နေခိုက် လူတစ်ယောက်က သူ့ပစ္စည်းများကိုယူ၍ ခုနစ်ဆောင်ပြိုင်အိမ်ကြီး အတွင်းသို့ သယ်ယူပေးလေသည်။ ထို့နောက် သူသည် သူငယ်မထံမှ ပိုက်ဆံကို လက်ဝါးဖြန့်ခံယူပြီးလျှင် ပြန်ထွက်သွားလေသည်။

"ဘယ်သူများပါလိမ့်၊ သည်သူငယ်မကလေးဟာ အိမ်မှားလာပြီ ထင်တယ်" ဟု ဟက်ဇီဘာက တွေးထင်မိလေသည်။ ထို့နောက် သူ သည် အခန်းမ,ကြီးထဲသို့ ခြေဖျားထောက်၍ဝင်ကာ တံခါးနောက်ကွယ် မှနေ၍ သူငယ်မကလေး၏ မျက်နှာကို သေချာစွာ ကြည့်လေသည်။ သူငယ်မကလေးမှာ မျက်နှာမြင်ချစ်ခင်ပါစေဆိုသည့် ဆုတောင်းပြည့်သူ ဖြစ်ရကား တစ်ကိုယ်တည်းနေလာခဲ့သော အပျိုကြီးမှာ ငေးစိုက်၍ ကြည့် နေမိလေတော့သည်။ သူငယ်မကလေးမှာ အလွန်ပင် ကျက်သရေရှိလှ ကား ခြောက်ကပ်အိုမင်း၍ ကျက်သရေခန်းခြောက်နေသော ခုနစ်ဆောင် ပြိုင်အိမ်ကြီးမှာ သူတံခါးဝ၌ ရပ်နေစဉ် ထူးခြားတောက်ပြောင်သည့် နေရောင်ခြည် လွှမ်းဘိသကဲ့သို့ ကျက်သရေတိုးလာသည်ဟု အပျိုကြီး က ထင်မိသည်။ သူသည် ခါတိုင်း၌ မည်သူမျှ အိမ်ကို လာရောက်လည် ပတ်ခြင်းကို မလိုလားသော်လည်း ယခု၌မူ ထိုသူငယ်မကလေးအား တံခါးဖွင့်၍ပေးလေသည်။ တံခါးဖွင့်ပေးခိုက် "ဖိဘီဆိုတာများ ဖြစ်လေ ရော့သလား" ဟု သူ့ကိုယ်သူ မေးမိသည်။ ဖိဘီဖြစ်မှာပါပဲ။ သူ့အဖေနဲ့ သိပ်တူနေတော့ သူပဲဖြစ်မှာပေါ့၊ ဘာဖြစ်လို့ သူဒီလာပါလိမ့်။ ကြိုတင် အကြောင်းမကြားဘဲနဲ့ ငါ့ဆီကိုလာမှ လာရက်ပလေ။ ငါ့မှာလည်း မပြည့်မဝနဲ့ အခုလို သူရုတ်တရက်လာတော့ ငါဘယ်လိုလုပ်ပြီး ဧည့်ခံ ရမှာလဲ။ အို .. သူတစ်ညတလေဝင်ပြီးကြုံလို့တည်းတာနဲ့ တူပါရဲ့။ မနက်ဖြန်ကျ ပြန်မှာပါပဲထင်ပါရဲ့ဟု တွေးရင်းပင် တံခါးကို ဖွင့်ပေးနေ လေသည်။

mgyoe.com

mgyoe.com


ဖိဘီမှာ ပင်းချွန်းအနွယ်တစ်ဦး ဖြစ်လေသည်။ သူ့ဖခင်သည် တောပိုင်း၌ အိမ်ထောင်ကျသဖြင့် ဖိဘီမှာ ပင်းချွန်းအနွယ်ဖြစ်သော်လည်း သူ့အဒေါ်များ ဘကြီးများနှင့် တစ်ခါမျှ မတွေ့ဖူးချေ။ တောရပ်၌သာ ကြီးပြင်းလာရရှာလေသည်။ တောသူကလေး ဖြစ်သော်ငြားလည်း အလိုက်သိတတ်သူဖြစ်သဖြင့် ဟက်ဇီဘာထံသို့ လာမည့်အကြောင်းကို ကြိုတင်၍ စာထည့်လိုက်လေသည်။ သို့ရာတွင် ထိုစာမှာ ဟက်ဇီဘာ လက်သို့ မရောက်ဘဲ စာပို့သမားထံ၌သာ အောင်း၍နေလေသည်။ စာပို့သမားမှာ မည်သည့်စာကိုပင်မဆို သူစိတ်ကူးရမှ ထ၍ သက်ဆိုင်သူအား ပေးလေ့ရှိသည်။ ပျင်းသေးလျှင် စာများကို သူ့အိမ်၌ ပစ်၍ထားတတ်သည်။

ဟက်ဇီဘာလည်း ဖိဘီအား တံခါးဖွင့်ပေးရင်း သူတစ်ညထဲသာ အိပ်ရမယ်၊ တစ်ညထက်ပိုပြီးနေချင်လို့ မဖြစ်ဘူး။ မတော်တဆ ကလစ်ဖို့ ရောက်လာရင် အလကား အနှောင့်အယှက်ဖြစ်နေဦးမယ်ဟု စိတ်တွင်းက ပိုင်းဖြတ်လိုက်လေသည်။

□

mgyoe.com